ဝိသုဒ္ဓိမဂ်–အရှင်ဓမဓာဝိ

၏

# မဇ္ဈိမပဋိပဒါသို့

☆

မဂ်ဗိုလ်ခုရေးလက်စွဲ။

၆၄
၀

# မဇ္ဈိမပဋိပဒါသို့

မန္တလေးမြို့၊
ရွှေရေးဆောင် ဆရာတော်ဘုရားကြီး

သထုံမြို့၊
ဇေတဝန် ဆရာတော်ဘုရားကြီး

တို့၏

အန္တေဝါသိကတပည့်
**ဦးသုန္ဒြမဏိ-အရှင်မေခါဝီ**
စီစဉ်ရေးသားသည်။

၁၃၁၈-ခု၊
အုပ်ရေ-၃၀၀၀။

ထိန်လင်း-စာပုံနှိပ် လုပ်ငန်း၊
လှည်းတန်းလမ်း-ကမာရွတ်တွင်
ရိုက်နှိပ်သည်။

★

| ဦးရေ။ | ထူးရာခေါင်းစဉ်ညွှန်း | မျက်နှာ |
|---|---|---|
| ၁။ | ဓမ္မကထိကနှင့် ဆရာရှာရေး .... .... | ၈ |
| ၂။ | ဘုရားရှိခိုးပုံ နည်းစနစ် .... .... .... | ၁ |
| ၃။ | မြတ်နိုး ရှိသေနည်း .... .... .... | ၃ |
| ၄။ | ပစ္စယဒါနနှင့် သာသနာ .... .... .... | ၈ |
| ၅။ | လမင်းပမာ သာသနာ .... .... .... | ၁၀ |
| ၆။ | ပဏာမနှင့် ပဋိညာဒ် .... .... .... | ၈ |
| ၇။ | သဿဘဝါဒ=သယံကတ အယူ .... | ၉ |
| ၈။ | ဥစ္ဆေဒဝါဒ=ပရံကတ အယူ .... .... | ၁၀ |
| ၉။ | မသိဖြစ် ကုစားပုံ .... .... .... .... | ၁၂ |
| ၁၀။ | လက္ခဏာ ၃-ဖြာ ဉာဏ်မှာတင်ရေး .... | ၁၄ |
| ၁၁။ | ဓမ္မတာတရား ၁၁-ပါး .... .... .... | ၁၆ |
| ၁၂။ | မဂ်ဖိုလ်ရရေး ဆောင်ပုဒ် .... .... .... | ၁၇ |
| ၁၃။ | သီလဝိသုဒ္ဓိအရေး.... .... .... .... | ၁၈ |
| ၁၄။ | အထင် အမှတ်ဖြင့် မှတ်၍ ရုပ်နာမ်မသိ .... | ၂၁ |
| ၁၅။ | အသိအမှတ်ဖြင့် မှတ်မှ ရုပ်နာမ်သိ .... .... | ၂၃ |
| ၁၆။ | ရုပ်နာမ် ၆-တန် အမှန်သိရေး .... .... | ၂၄ |
| ၁၇။ | ရုပပရိစ္ဆေဒ ဉာဏ်မှန် ရရေး .... .... | ၂၉ |
| ၁၈။ | ရုပ်-နာမ် တင်ပုံ .... .... .... .... | ၃၂ |
| ၁၉။ | အရိယာပထ ရုပပရိစ္ဆေဒဉာဏ် .... .... | ၃၃ |
| ၂၀။ | သမ္မဇဉ္ဉပဗ္ဗဆောင်ပုဒ် .... .... .... | ၃၆ |
| ၂၁။ | သမ္မဇဉ္ဉ ၄-ပါးနှင့် ဝိပဿနာ .... .... | ၃၇ |
| ၂၂။ | ဝိပဿနာမှ လွတ်သောစိတ် ၅-မျိုး .... | ၄၀ |
| ၂၃။ | ခဏသန္တတိ ပရိစ္ဆေဒဉာဏ် ဖြစ်ပုံ .... | ၄၂ |
| ၂၄။ | ဝိပဿနာ မှန်-မမှန် .... .... .... | ၄၅ |

| ဦးရေ။ | ထူးရာခေါင်းစဉ်ညွှန်း | မျက်နှာ |
|---|---|---|
| ၂၅။ | ဒိဋ္ဌိဝိသုဒ္ဓိ အရေး .... .... .... .... | ၄၀ |
| ၂၆။ | သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပုံ .... .... | ၄၉ |
| ၂၇။ | သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ပုံ .... .... | ၅၃ |
| ၂၈။ | တရားသမားတို့ သတိထားဘွယ် .... .... | ၅၄ |
| ၂၉။ | မဇ္ဈိမ ပဋိပဒါ မရှိသူ-ရှိသူများ .... .... | ၅၆ |
| ၃၀။ | ဘူတံ ဘူတတော ပဿတိ ကထာ .... | ၅၉ |
| ၃၁။ | အဘိညေယျအရာ, ဉာတပရိညာ .... | ၆၀ |
| ၃၂။ | တဖန် ဘဝအသစ်ဖြစ်ပုံ, မဖြစ်ပုံ .... .... | ၆၄ |
| ၃၃။ | သမုဒယသစ္စာ ထင်ပုံ-မထင်ပုံ .... .... | ၆၅ |
| ၃၄။ | နိရောဓ သစ္စာကို မြင်ပုံ-မမြင်ပုံ .... .... | ၆၇ |
| ၃၅။ | ဥယျောဇဉ် (ပိဋက သုခမိန်-သို့) .... .... | ၇၁ |
| ၃၆။ | သုတဉာဏ်ဖြင့် သစ္စာရှာပုံ .... .... | ၇၃ |
| ၃၇။ | ပစ္စက္ခဉာဏ် တပြိုင်နက် ရပုံ .... .... .... | ၇၇ |
| ၃၈။ | ပရိယုဋ္ဌာန် အသစ်ထပုံ .... .... .... | ၇၈ |
| ၃၉။ | အနုသယ အသစ်ကိန်း .... .... .... | ၇၉ |
| ၄၀။ | ဥပ္ပန္နာရဟ သမုဒယ ချုပ်ပုံ .... .... | ၈၁ |
| ၄၁။ | မဂ်ဖြင့် သစ္စာ ၄-ပါးကို ထိုးထွင်းပုံ .... | ၈၂ |
| ၄၂။ | အာသီသ ပတ္ထနာ .... .... .... .... | ၈၄ |

# “ ကျမ်းစာအချီ ”

●

**ဓမ္မကထိက။** ။သာဝတ္ထိပြည်စွန် ဇေတဝန်မြိုင်ဌမ်း သုဒတ္တကျောင်းသင်္ခမ်းဝယ် စံမြန်းနေ့လျော် ရွှေကိုယ်တော်မြတ် ဝိသုဒ္ဓိနတ်ကို၊ တုပ်ပျပ် ကော်ရော် ရဟန်းတော်တပါး မေးလျှောက်ကြားရာ....

“ဇရာ မရဏဿ စေဘိက္ခု၊ နိဗ္ဗိဒါယ၊ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ, ဓမ္မကထိကော ဘိက္ခူတိ အလံဝစနာယ=ရဟန်း ဇရမရဏာ၌ ငြီးငွေ့ရန်, ဇရာမရဏာ ကင်းရန်, ဇရာမရဏာ ချုပ်ရန် တရားဟောနိုင်ငြားအံ့, တရားဟောတတ် ရဟန်းမြတ် [**ဓမ္မကထိကဘိက္ခု**] ဟူ၍ ဆိုထိုက်ပေ၏” ဟု သဗ္ဗညုတဉာဏ်တော်ရှင် ဘုရင်ဥက္ကဋ္ဌ မိန့်ခွန်းတော်မှတ်အပ်သည့်နှင့်အညီ....

**ဆရာရှာရေး။** ။ဤမည်သော ဓမ္မကထိက ရဟန်းကို ရည်တော်မူလျက် ဆက်လက်၍ တဖန် မိန့်ခွန်းတော် ထုတ်ပြန်သည်မှာ....

“ဇရာမရဏံ ဘိက္ခဝေ အဇာနတာ အပဿတာ ယထာဘူတံ ဇရာမရဏေ ယထာဘူတံ ဉဏာယ သတ္ထာ ပရိယေသိတဗ္ဗာ=ရဟန်းတို့ ဇရာမရဏာကို ဟုတ်တိုင်း ထင်ထင် မသိမမြင်သူသည်၊ ဇရာမရဏာအစစ်၌ ယထာဘူတဉာဏ်ဖြစ်စေရန် ဆရာရှာဖွီးမည်” ဟု တိုက်တွန်း

တော်မူသည်နှင့် လျော်ညီစွာ ဇရာမရဏာ ဒုက္ခငြိမ်းရာ ချမ်းသာသန္တိ ရရှိလိုငြား အမျိုးသားသည်....

ဇရာမရဏာနှင့် ဇရာမရဏာ၏ဖြစ်ကြောင်း,ဇရာမရဏာ ကင်းချုပ်ရာနှင့် ဇရာမရဏာ ကင်းချုပ်ရာသို့ ရောက်ကြောင်း ကောင်းသောတရားကို ဟောပြပေတတ် ဆရာမြတ်ကို ''ပျောက်ပျက်သော ရတနာစိန်ကျောက်အလား'' မနားမနေ မတွေ့တွေ့အောင်ရှာမှီးဆည်းကပ်ရာသတည်း။

**ဘုရားအကြိုက်ဘွဲ့တံဆိပ်။** ။ထိုသို့ ဆည်းကပ်၍ ထိုဆရာမြတ် ညွှန်ပြအပ်သော တရားလမ်း၌ တည်ခဲ့ပါမူ-

''ဇရာမရဏဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ, ဓမ္မာနု ဓမ္မပ္ပဋိပန္နော ဘိက္ခူတိ အလံဝစနာယ=ရဟန်းဇရာမရဏာ၌ ငြီးငွေ့ရန်, ဇရာမရဏာ ကင်းရန်, ဇရာမရဏာ ချုပ်ရန် တကယ်ကျင့်သည် ဖြစ်အံ့, မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မခန်ကိုးဆင့် လျော်စွာ ကျင့်သူ ရဟန်းဟူ၍ ဆိုထိုက်ပေ၏''ဟု ဆုတော်အဖြစ် ဆင့်ကမ်းအပ်သော ''ဓမ္မာနုဓမ္မပ္ပဋိပန္န'' ဘွဲ့တော်တံဆိပ် ကမ္ပည်းလိပ်ကို ဦးထိပ်ထက် ပန်ဆင်ပါမူ တဆူဉာဏ်၌ စောနေနတ်၏ စိတ်ဓာတ်ဘဝင်ကို ကြည်လွင်ငြိမ့် နှလုံးတော်ဆိမ့်အောင် နှစ်သိမ့်စေနိုင်မည်ဖြစ်ပေကြောင်း။

**ဘုရားရှိခိုးပုံစံနစ်။** ။အထက်ပါ စကားကို ထင်ရှားစေပါဦးအံ့။....တရံသောအခါ မယ်တော် ဂေါတမီသည်၊ သားတော်ဘုရား ထံတော်ပါးသို့ ခစားချဉ်းကပ်လျက်....

"ဝိရံ ဇိဝ မဟာဝိရ, ကပ္ပံ တိဋ္ဌမဟာမုနိ၊

မဟာဝိရ-ဝိရိယလေးတန်, ထက်သန် ကြီးမား သားတော်ဘုရား၊ ဝိရံဇိဝ-ဇီဝိန် နှစ်ပွင့်, လွန်စွာတင့်လျက်, ရှည်မြင့်ပါစေသား၊ မဟာမုနိ,-မုနိတို့ထွတ်ထား, သားတော်ဘုရား။ကပ္ပံ-မဟာကပ်လုံး,ကမ္ဘာဆုံးအောင်၊တိဋ္ဌ-သံမြေ ကျောက်တိုင်, မယိုင်ကြံ့ကြံ့,တည်တံ့ပါစေသား" ဟု မွေနားတော်မြတ် အပါးကပ်၍ ရှိခိုး လျှောက်တင်လတ်သော်....

ငါသို့ဘုရား ဤသို့အားဖြင့် လျှောက်ထား ရှိခိုးခြင်း၌ မထိုက်ဟု-ပယ်ချတော် မူလိုက် သည့်တွင် ရှိခိုးထိုက်ပုံ စနစ်ရပ်ကို ညွှတ်ရုံလျှောက်ကြား တောင်းပန် ထား သော အခါ၊သားတော်ဘုန်းနတ် မွေကိုယ်တော်မြတ်က ထက်ရပ် မိုးစမ်းရံ ပဲ့တင်သံ ခတ်စေတော်မူလျှက်....

အာရဒ္ဓဝိရိယေ ပဟိတတ္တေ, နိစ္စံ ဒဠှပရက္ကမေ၊
သမဂ္ဂေ သာဝကေ ပဿ, ဧသာဗုဒ္ဓါန ဝန္ဒနာ။

အာရဒ္ဓဝိရိယေ-သွေးသားခမ်းခြောက်, ရိုးရေလောက်သာ, ကြွင်းကျန်ပါလည်း အရိယာဗောဓိ,မရရှိက,ငါမထဟု,လုံ့လပြုကုန်ကြသော၊ပဟိတတ္တေ-နိဗ္ဗာနဓါတ်,မပြတ်စေစား နှလုံးထား ရှိကြကုန်သော၊ နိစ္စံဒဠှ ပရက္ကမေ-တဏှာသုံးထွေ,မသေသမျှ, ငါမထဟု, ပြင်းစွာကြိုးကုတ်, အားထုတ်ကြကုန်သော၊ သမဂ္ဂေ-စိတ်တူကိုယ်မျှ, စည်းလုံးကြကုန်သော၊ သာဝကေ-တပည့်ယောဂီ,တပဿီ, ရှင်ရဟန်းတို့ကို၊ပဿ-ရှောင်တော်ငါးဆိုင်,ယှဉ်ပြိုင်ဆင့်ဆင့်,

အလွန်တင့်သည့်, နှစ်ပွင့်သော မျက်စိတော်တို့ဖြင့်၊ ရှုကြည့် တော်မူပါဘုရားဟု၊ သော–ဤသို့လျှောက်ကြား,ဤစကား သည်၊ ဇုဒ္ဒါနံ–ဥဒ္ဒေ ယျငါးဆူ, သယမ္ဘူဟု တဆူဉာဏ်ရှင်, ဘုရားမြတ်တို့အား, ဝဏ္ဏနာ–သဒ္ဒါမြတ်နိုး, ၄ရိုးပုံ နည်း စနစ်ပေတည်း။....ဟု ရှစ်ထွေသော အသံတော်ဖြင့် မိန့် တော်ညွှန်ပြ မြွက်ဟတော်မူသည်ကို ထောက်ထားသော အားဖြင့်တချက်....

**မြတ်နိုးရှိသေနည်း။** ။ရွှေကိုယ်တော်မြတ် နိဗ္ဗာန် ခေတ်သို့ ကြွလတ်အံ့၌၊ ဥယျာဉ်သာဝယ် လက်ျာတော် ထက် လျောင်းစက် ရှင်ပြီး သီတင်းသုံးတော်မူခိုက်၊ စကြာ ဝဠာ တိုက် အလုံး ကျိန်မီးအုံးမျှ ပူဆွေးကြလျက် ပသာ ကော်ရော် ပူဇော်အသူးတို့ဖြင့် ချီးကျူးလျက်ရှိနေကြရာ....

နခေါ် အာနန္ဒ ဇေတ္တာဝတာ တထာဂတော သက္ကတော ဝါ ဟောတိ, ဂရုကတော ဝါ မာနိတော ဝါ ပူဇိတော ဝါ အပစိတော ဝါ၊ ယောခေါ် အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟ ရတိ သာမိစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ၊....

အာနန္ဒ-အာနန္ဒာ၊ ဇေတ္တာဝတာ–ဤမျှကြီးကျယ်၊ လှူဘွယ် ရာ အသူးတို့ဖြင့်၊ ချီးကျူးကော်ရော်၊ ပူဇော် ပသကာမျှ ဖြင့် တထာဂတော–ကမ္ဘာ့သရေဖူး၊ တဆူဉာဏ်ရှင်, ဘုရား မြတ်ကို၊ နခေါ် သက္ကတော ဝါ၊ ဟောတိ–ကောင်းစွာကြော့

ကြော့, ကံတော့အပ်သည်လည်း မဟုတ်နိုင်၊နခေါ ဂရုက တောဝါ-အလေးတမူ,အရေးအပ်သည်လည်း မဟုတ်နိုင်၊ နခေါ မာနိတောဝါ-ကောင်းစွာရိုကြိုး၊ မြတ်နိုး အပ်သည် လည်းမဟုတ်နိုင်၊နခေါပူဇိတောဝါ-ကောင်းစွာကော်ရော်, ပူဇော်အပ်သည်လည်းအဟုတ်နိုင်။ နခေါ အပစိတောဝါ၊ တုံ့ ဝပ်သေခွေ့,ရိုသေအပ်သည်လည်းမဟုတ်နိုင်၊ အာနန္ဒ-အာနန္ဒာ၊ ယောခေါဘိက္ခုဝါ- ဝင်္ဂဒုက္ခဘေး,မျှော်တွေးရှုတတ်, အကြွင်ရဟန်းမြတ်သည်ငင်း၊ ဘိက္ခုနီဝါ-ဝင်္ဂဒုက္ခဘေး,မျှော်တွေးကြောင့်ကြ, ဘိက္ခုနီမသည်ငင်း၊ ဥပါသကောဝါ-ရတနာသုံးဆိုင်,ညွတ်ယိုင်ဝတ်တွား,ဥပါသကာယောကျ်ားသည်ငင်း၊ ဥပါသိကာဝါ- ရတနာသုံးဆိုင်, ညွတ်ယိုင်တုပ်ကွ, ဥပါသိကာမသည်ငင်း၊ ဓမ္မာနုဓမ္မပ္ပဋိပန္နောသာမိစိပ္ပဋိပန္နောအနုဓမ္မစာရီ-မဂ်ဖိုလ်နိဗ္ဗာန်,ဓမ္မခန်ကိုးဆင့်,လျော်စွာကျင့်လျက်၊ ဝိဟရတိ-လျောင်း-ထိုင်-ရပ်- သွား, တရားမဆိတ်ဘဲ, တောရိပ်တောင်စောင်း, သိမ်းကျောင်းတွင်, ကိန်းအောင်းနေ့လျော်, တကိုယ်တည်းပျော်ခဲ့မူကား။ သော-မဂ်ဖိုလ်နိဗ္ဗာန်,စိတ်သန်မျှော်ရည့်,ထိုယောဂီသည်၊ တထာဂတံ-ကမ္ဘာ့သရဘူ,တဆူဥက္ကာဠ်,ငါဘုရားမြတ်ကို၊ ပရမာယပူဇာယ- ဆထက်ထွန်ကျူး,ထူးလှသောပူဇော်ခြင်းဖြင့်၊သက္ကရောတိ-ကောင်းစွာကြော့ကြော့,ကံတော့သည်မည်၏၊ဂရုံကရောတိ-အလေးတမူ,အရေးယူသည့်မည့်၏၊ မာနေတိ-ကောင်းစွာရိုကြိုး, မြတ်နိုးသည်မည်၏၊ပူဇေတိ-ကောင်းစွာကော်ရော်,ပူဇော်သည်မည်၏၊ အပစိယတိ-တုံ့ဝပ်သေခွေ့,ရိုသေသည်မည်

၏။....ဟု ရှစ်လီသော အသံဖြတ်ဖြင့် ဘဝဂ်ရပ်ငြိမ့်လွှမ်း လျက် မိန့်ခွန်းတော် ချမှတ်သည်ကို ထောက်ထားသဖြင့် တချက်....

**ပစ္စယဒါနနှင့်သာသနာ။** ။အာမိသပူဇာဝစနာမေ သော သာသနံ ကောဋိဝသမ္ဘိ ကေ ယာကု ပါ န ကာ လ မတ္တမ္ဘိ သန္တာရေတုံ နသက္ကောတိ၊ မဟာဝိဟာရသဒိသဩ ဝိဟာရ သဟာဿံ မဟာစေတိယ သဒိသဋ္ဌ စေတိယ သဟာဿမ္ဘိ သာသနံ ဓာရေတုံ နသက္ကောန္တိ။

ဧသော အာမိသပူဇာစနာမ- ဤပစ္စယ ဒါန မည်သည့် လည်း၊သာသနံ–(လုံးပုံအကု,မပြုရှောင်ခွါ၊ ကုသိုလ်ကိ– ကုတ်,မယုတ်ပြည့်ကာ၊ မိမိစိတ်ချာ်, မဂ်ဖြင့်ဆေးပါ၊ ဤ သုံးဝ–ဗုဒ္ဓသာသနာ ) ဟူသော အဆို အဆုံးမ သာသနာ တော်ကို၊ ကောဋိဝသမ္ဘိ-တန္ဓေမျှလည်း၊ ကေ ယာဂု ပါန ကာလမတ္တမ္ဘိ- ယာဂု တကြိမ် သောက်ရုံကာလ မျှလည်း၊ သန္တာရေတုံ–တည်တန့်စေခြင်းငှါ၊နသက္ကောတိ-မစွမ်းနိုင်၊ မ ဟာ ဝိ ဟာ ရ သ ဒိ သ ဩ– သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်နှင့် တူသည်သာဖြစ်သော၊ဝိဟာရသဟာဿံ ကျောင်းပေါင်းတထောင်ကရင်း၊ မဟာစေတိယသဒိသဋ္ဌ– သီဟိုဠ်ကျွန်း သုဝဏ္ဏမာလီမည်သော မဟာစေတီနှင့် တူ သည့်လည်းဖြစ်သော၊ စေတိယသဟာဿမ္ဘိ- စေတီပေါင်း တထောင်ကရင်း၊သာသနံ–သာသနာတော်မြတ်ကို၊ သန္တာ ရေတုံ–တည်တန့်အောင်ဆောင်ထားခြင်းငှာ၊နသက္ကောန္တိ မတတ်နိုင်ကုန်။

**လ မင်း ပ မာ သာ သ နာ။** ။ယာ ဝဠိ ရှ မာ စတာသော ပရိသာ မံ ရှမာယ ပူဇေသော န္တိ၊ တာဝ မမ သာသနံ မဇ္ဈန္ဘာသော ပုဏ္ဏစန္ဒောဝိယ ဝိရောစိဿတိတိ ဒသေသတိ။

ရှမာစတသောပရိသာ–၏ပရိသတ် ၄ ဘော်တို့သည်၊ မံ- ငါ ဘုရား ကို၊ ရှမာယ–၏ပူဇော်ခြင်းဖြင့်၊ ယာဝဠိ ပူဇေသော န္တိ-ပူဇော်နိုင်ကြ ကုန်သေးလတံ့ ၊ တာဝ–ထိုရွေ့ လောကကာလပတ်လုံး၊မမသာသနံ-ငါဘုရား၏သာသနာ တော်မြတ်သည်၊ မဇ္ဈန္ဘာသော-အခဲ့ရှောခွင်,ရိုးစဉ်းကောင်း ကင်အလယ်၌၊ ပုဏ္ဏစန္ဒောဝိယ–ဆီး-နှင်း-မြူ-တိမ်,သူရိန် မြိုးခိုး,ပြစ်မျိုးငါးအင်,ကင်းစင်တောက်ထွန်း, လပြည့်ဝန်း ကဲ့သို့၊ဝိရောစိဿတိတိ–ထွန်းတောက်တင့်တယ်ပေလတံ့ ဟု၊ ဒသေသတိ–ညွှန်ပြတော်မူ၏၊ ....ဟု ကျမ်း ပြု ဆ ရာ မဟာပဏ္ဍိတ ဓမ္မပါရဂင် ဘွဲ့ထူးတော်ယဉ်သည် အရှင် ဗုဒ္ဓဃောသ မိန်မှာသည့်အရာ နှစ်ဖြာသော စကားတို့ကို သောက်ထားသဖြင့်တချက်....

အာမိသဒါနကို လှူဒါန်းပူဇော်ရခြင်းထက် ဆ– ထက် ရာထောင် များမြောင်သော အကျိုးကို ပေးစွမ်းနိုင်သော ဝိပဿနာ ဘာဝနာဟူသော ဓမ္မာနုဓမ္မပဋိပတ် အကျင့် မြတ်မည်သည့် သာသနာတော်မြတ်ကို ဆောင် စွမ်း နိုင် သဖြင့် ကိုယ်တော်မြတ်၏ စိတ်တော်ကို နှစ်သက်စေနိုင် ပါပေတကားဟု နှလုံးပြုလျက် သင်္ဂါရ တရားဗုအတွင်း၌

ပဿနာ ဉာဏ်ပညာ အလင်းဖြင့် ဖေါက်ထွင်းနိုင်သည့် အထိ ရှုမှတ်ပွားများ အားထုတ်ကြရာသတည်း။

# ပဏာမနှင့် ပဋိညာဉ်

အရဟံအာဒိ, ကိုးဂုဏ်ပြည့် ဗုဒ္ဓ၊ သွာက္ခာတာဒိ ဆဂုဏ်, သမ္ပန္နံ ဓမ္မော။ သုပ္ပဋိ အာဒိခြံ၊ နဝဂုဏ် ရှိတဲ့ သံဃော။ ။ဒူး-နဖူး-လက်ငါးဖြာ, ယှက်တွားကာ နှိမ်သော, ရက်များစွာ ကြိမ်ကြိမ်စော၊ နမော-ဟု ခါခါ။ မင်္ဂလမ်းမှန် အလျှင်မြန်း လိုတဲ့၊ ရှင်-ရဟန်း-များလူ တွက်တာ။ ။“မဇ္ဈိမ ပဋိပဒါ” ကို၊ ဝိဋ္ဌကာ အဆီညှစ်၍, အကြည်နှစ် ဖွင့်လို ပေးမည်။ ကျင့်ဘို့ ရေးသည်။ ။ဆက်-ပြတ်မှား ဘေးနှစ် လီ ငယ်၊ ဝေးမသိ ပျောက်ကင်းဘို့လေး။

သာသနာ-၂၅၀၀
ကောဇာ-၁၃၁၈-ခု၊
ဝါခေါင်လဆန်း ၁၅-ရက်။

ဝိသုဒ္ဓိမဂ်-အရှင်မေဓာဝီ
သာသနာ့မာရ်အောင်-ကမ္မဋ္ဌာန်းဌာန။
ကမာရွတ်-ရန်ကုန်မြို့။



# မဇ္ဈိမပဋိပဒါ–သို့

☆

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## တိမ္ဗရုသကသုတ္တန်

“ခက်မှား=သဿတဒိဋ္ဌိ” “နှင့်” ပြတ်မှား-ဥစ္ဆေဒဒိဋ္ဌိ” တို့ဖြစ်-မဖြစ်ကို စင်စစ် သိနိုင်ရန်,မဇ္ဈိမပဋိပဒါအစစ်တကယ်ဖြစ်ရှိစေရန်ရည်သန်လျက် ကျမ်းအစ၌ တိမ္ဗရုသကသုတ်ကို နိဒါနဝဂ္ဂသံယုတ်မှ ထုတ်ဆိုအပ်၏။

## “သဿတဝါဒ–သယံကတအယူ”

တိမ္ဗရုသက ပရိဗိုက်သည် သုခဒုက္ခကို (သယံ မည်သော မိမိသုခဒုက္ခဖြစ်လျက်) သယံမည်သော မိမိ သုခဒုက္ခကပင်ခံစား၏ဟုလည်းယူ၏၊ထိုအယူကား သုခဒုက္ခကိုသဿတဝါဒအားဖြင့် “ သယံကတ=မိမိပြု၏ ” ဟုယူသော အယူတည်း။

(ရှင်းပြချက်— ဖြစ်ခိုက်ခဏတ္တယသမင်္ဂီ သယံအမည်ရ မိမိ သုခဒုက္ခကိုဖြစ်ခိုက် ခဏတ္တယသမင်္ဂီ သယံအမည်ရ မိမိ သုခ ဒုက္ခက ခံစား၍, ဖြစ်ခိုက် ခဏတ္တယသမင်္ဂီ သယံအမည်ရ မိမိသုခဒုက္ခကို

ဖြစ်ခိုက် ခဏတ္တယသမင်္ဂီ သယံအမည်ရ မိမိသုခဒုက္ခကပင် ပြု၏-ဟု အာရုံနှင့် အာရမ္မဏိက ရှေ့နောက်မကျဘဲ တရားကိုယ် တခုထည်း အမြဲယူသည့် သဿတဝါဒ အမှားတည်း။ တရား သဘောအမှန်ကား - ရှေ့သုခဒုက္ခကို နောက် သုခ ဒုက္ခက ခံစားသည်ဟု ဆိုရမည်၊ သုခ- သုခချင်းဟပ်, ဒုက္ခ- ဒုက္ခချင်း ဟပ်ရမည်ကိုလည်း သတိပြု။)

## "ဥစ္ဆေဒဒိဋ္ဌိ—ပရံကတအယူ"

တိမ္ဗရုသက ပရိဗိုက်သည့် သုခဒုက္ခကို (ပရံမည်သော သူတပါး သုခ ဒုက္ခ ဖြစ်လျက်) ပရံမည်သော သူတပါး သုခဒုက္ခကပင် ခံစား၏ဟုလည်း ယူ၏၊ထိုအယူကား သုခဒုက္ခကို ဥစ္ဆေဒဝါဒအားဖြင့်"ပရံကတ=သူတပါးပြု၏" ဟု ယူသော အယူတည်း။

(ရှင်းပြချက်—ဖြစ်ခိုက် ခဏတ္တယသမင်္ဂီ ပရံအမည်ရ သူတပါး သုခ ဒုက္ခကိုဖြစ်ခိုက် ခဏတ္တယမင်္ဂီပရံအမည်ရ သူတပါး သုခဒုက္ခက ခံစား၍, ဖြစ်ခိုက် ခဏတ္တယသမင်္ဂီ ပရံအမည်ရ သူတပါး သုခဒုက္ခကို ဖြစ်ခိုက် ခဏတ္တယသမင်္ဂီ ပရံအမည်ရ သူတပါး သုခ ဒုက္ခကပင် ပြု၏-ဟု ဖြစ်သူလဲတခြား ခံစားသူလဲတခြားအနေဖြင့် ဝေဒယိတသဘောကိစ္စ ပြတ်စဲသော အယူ ဥစ္ဆေဒဝါဒ အမှားတည်း။ တရားသဘော အမှန်ကား- ဖြစ်ခိုက် သုခဒုက္ခ—ရှေ့ချမ်းသာ ဆင်းရဲကို စွဲ၍ နောက်ယခုဘဲ ခံစားဆဲ-ဟု ဆိုရမည်။)

သဿဒဝါဒ၊ဥစ္ဆေဒဝါဒ၊ရှိသော၊တိမ္ဗရုသက ပရိဗိုက်သည်၊ဇေတဝန်ကျောင်းတော်ရှိ၊မြတ်စွာဘုရားအား၊မိမိ၏အယူဝါဒများကို၊လျှောက်ထားလာလေသည်။

တိမ္ဗရုသက။ ။ အရှင်ဂေါတမ အဘယ်သို့ပါနည်း မိမိသည်ပင် သုခဒုက္ခကို ပြုသည် မဟုတ်ပါလော။

ဗုဒ္ဓ။ ။တိဿရဟန်းက ဤသို့ ငါဘုရား မဟောမဆိုပေ။
[ဖြစ်ခိုက် သုခဒုက္ခက ဖြစ်ခိုက် သုခဒုက္ခကို ပြုသည် မဟုတ်လော့-ဟု (ငါက-ငါ့ကို ပြုသကဲ့သို့) မေးသည်။]

တိမ္ဗရုသက။ ။ အရှင်ဂေါတမ အဘယ်သို့ပါနည်း သူတပါးကပင် သုခဒုက္ခကို ပြုသည် မဟုတ်ပါလော။

ဗုဒ္ဓ။ ။တိမ္ဗရုသက ဤသို့ ငါဘုရား မဟောမဆိုပေ။
[ဖြစ်ပြီးတဲ့ သုခဒုက္ခက ဖြစ်တဲ့ သုခ ဒုက္ခကို ပြုသည် မဟုတ်လော-ဟု (အမိ အဘက သားကို ပြုသကဲ့သို့) မေးသည်။]

တိမ္ဗရုသက။ ။ အရှင်ဂေါတမ အဘယ်သို့ပါနည်း မိမိကလည်း သုခဒုက္ခကို ပြုသည် မဟုတ်လော၊ သူတပါးကလည်း သုခဒုက္ခကို ပြုသည် မဟုတ်လော။

ဗုဒ္ဓ။ ။တိမ္ဗရုသက ဤသို့ ငါဘုရား မဟောမဆိုပေ။
[ဖြစ်ခိုက် သုခဒုက္ခကလည်း ဖြစ်ခိုက် သုခဒုက္ခကို, ဖြစ်ပြီးတဲ့ သုခဒုက္ခကလည်း ဖြစ်ခိုက် သုခဒုက္ခကို ပြုသည် မဟုတ်လော-ဟု (ငါကလည်း ငါ့ကိုပြု၏၊ အမိ အဘကလည်း ငါ့ကို ပြုသကဲ့သို့) မေးသည်။]

တိမ္ဗရုသက။ ။ အရှင်ဂေါတမ အဘယ်သို့ပါနည်း မိမိလည်း မပြု သူတပါးလည်း မပြုသော သုခ ဒုက္ခသည် အကြောင်းမရှိဘဲ ဖြစ်သည် မဟုတ်လော။

ဗုဒ္ဓ။ ။တိမ္ဗရုသက ဤသို့ ငါဘုရား မဟောမဆိုပေ။
[ဖြစ်ခိုက် ဖြစ်ပြီး မိမိသူတပါးက မပြုသော ဖြစ်ခိုက် သုခ ဒုက္ခသည် အကြောင်းမရှိဘဲ ဖြစ်ကြသည် မဟုတ်လော--ဟု (ငါလဲ ငါ့ကို မပြု၊ အမိအဘလဲ ငါ့ကိုမပြု ဆိုသကဲ့သို့) မေးသည်။]

တိမ္ဗရုသက။ ။ အရှင်ဂေါတမ အသို့ပါနည်း သုခဒုက္ခသည် မရှိသည်မဟုတ်လော။

ဗုဒ္ဓ။ ။ တိမ္ဗရုသက သုခဒုက္ခသည် မရှိမဟုတ်, ရှိသည်သာ။

တိမ္ဗရုသက။ ။ ထိုသို့ သုခ ဒုက္ခ ရှိသည်ဖြစ်လျက် အရှင်ဂေါတမသည် သုခ ဒုက္ခကို မသိ မမြင်ပါသလော။

ဗုဒ္ဓ။ ။ တိမ္ဗရုသက ငါဘုရားသည် သုခဒုက္ခကို မသိမမြင်သည်မဟုတ်, သိမြင်ပေ၏။

[မသိပြစ် ကုစားပုံ—ဥပနာ-ပါပနာ- ရောပနာ-နိဂ္ဂဟ- ပဋိကမ္မ ငါးဌာန ပဉ္စကတွင် ၁- လိုအပ်သော စကားကို တည်ထားစေလို၍ မေးခြင်းသည် ဥပနာမည်၏၊ ၂- မေးတိုင်းဝန်ခံ၍ တည်ထားသော ဥပနာစကား၌ အပြစ်ရောက်စေလို၍ မေးခြင်းသည် ပါပနာမည်၏၊ ၃- မေးတိုင်း ဝန်ခံ၍ အပြစ်ရောက်သော ပါပနာစကား၌ အပြစ်တင်လို၍ မေးခြင်းသည် ရောပနာမည်၏၊ ၄-မေးတိုင်းဝန်ခံ၍ အပြစ်တင်သော ရောပနာစကားကို နှိပ်လို၍ မေးခြင်းသည် နိဂ္ဂဟမည်၏၊ ၅-မေးတိုင်း ဝန်ခံ၍ နှိပ်သော နိဂ္ဂဟစကားကို စကားတုန့်လှန်၍ ပြန်ကုစားခြင်းသည် ပဋိကမ္မမည်၏၊ ဤ ၅ ဌာန ပဉ္စကတွင် ဥပနာ-ပါပနာ-ရောပနာ-နိဂ္ဂဟ ဤ ၄-ဌာနအပြစ် ကျရောက်လျှင် မြတ်စွာဘုရားအပေါ်သို့သာကျရောက်ရမည်ဖြစ်လျက်မကျရောက်မူ၍, တိမ္ဗရုသက အပေါ်သို့သာ မသိပြစ် ကျရောက်လေတော့သည်၊ ယင်းသို့ ကျရောက်သော မသိပြစ်ကို ကုစားလိုရကား အောက်ပါစကားကို တောင်းပန်လျှောက်ထားလေတော့သည်။]

တိမ္ဗရုသက။ ။အရှင်ဂေါတမ အကျွန်ုပ်အား သုခဒုက္ခကို ပြောကြားတော်မူပါဘုရား၊ အရှင်ဂေါတမသည် အကျွန်ုပ်အား သုခဒုက္ခကို ဟောပြတော်မူပါဘုရား။

## ''မဇ္ဈိမ ပဋိပဒါ—အလယ်စားအကျင့်''

ထိုအခါ မြတ်စွာဘုရားသည် မဟောကြားအပ်သော ဝဋ္ဋ ရှိသော သဿတဝါဒ တဘိုတစုနှင့် မဟောကြား အပ်သော ဝဋ္ဋ ရှိသော ဥစ္ဆေဒဝါဒ တဘိုတစုအားဖြင့် အယုတ်- အလွန် ၂—ခု အဘိုအစုတို့သို့ မကပ်ရောက်မူ၍ အ လည် ကြား ဖြင့် တိမ္ပရသာကအား ''အ ဝိ ဇ္ဇာ ကြောင့် သင်္ခါရတို့ဖြစ်ကုန်၏, ဇရာမရဏာတိုင်အောင်ဖြစ်၏။ —ပ-၊ အဝိဇ္ဇာ၏ အရိယာမဂ်ဖြင့် မဖြစ်ဘဲ ချုပ် ခြင်း ကြောင့် သင်္ခါရတို့ ချုပ်ကုန်၏၊ ဇရာမရဏာတိုင်အောင် ချုပ်၏-'' ဟု-''မဇ္ဈိမပဋိပဒါ''ကို ဟောကြားတော်မူ၏။

ထို မဇ္ဈိမပဋိပဒါ ဟူသော အလယ်စား အကျင့်သည် တိမ္ပရသာက ပရိုက်၏ မဇ္ဈိမပဋိပဒါ ပေတည်း။ မြတ်စွာ ဘုရား၏ မဇ္ဈိမ ပဋိပဒါ မဟုတ်။ ဆက်ဦးအံ့— မဇ္ဈိမပဒါ ဟူသည် ''အသိအယူ=ဉာဏဝါဒ''ပင်တည်း။ဉာဏဝါဒ အရ ဉာဏ်သည် ၁၂ ပါး အပြားရှိ၏။

### ဘာဝနာဉာဏ် ၁၂ ပါး

ဉာဏ် သည် နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ ဉာဏ် သမ္မသန ဉာဏ် ဥဒယဗ္ဗယ ဉာဏ် ဘင်္ဂဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာ ဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမ ဉာဏ်ဟူ၍ ၁၂-ပါး အစဉ်အားဖြင့် ပြား၏။ထိုဉာဏ်များ ကား ကြားနာသဖြင့် ပြီးသော သုတမယ ဉာဏ်လည်း

မဟုတ်, ကြံသဖြင့် ဖြီးသော စိန္တာမယ ဉာဏ်သည်း မဟုတ်, လက္ခဏာထင်သဖြင့် ဖြီးသော ဘာဝနာမယ ဉာဏ်များတည်း။

ထိုဉာဏ် ၁၂-ပါးသည် အဘယ်လက္ခဏာထင်သဖြင့် ဖြီးပါသနည်း–ဟုမေး၊ အဖြေကား–ထိုဉာဏ် ၁၂- ပါး သည် သ ဘာ ဝ သ က္ခ ဏာ သန်္တလက္ခဏာ သာမည လက္ခဏာတို့ ထင်သဖြင့် ဖြီးပါသည်။

## လက္ခဏာ ၃-ဖြာ ဉာဏ်မှာထင်ရေး

လက္ခဏာသည် သဘာဝလက္ခဏာ သန်္တလက္ခဏာ သာမညလက္ခဏာဟူ၍ ၃-မျိုးပြား၏၊ ထိုတွင် ဖြစ်ဆဲရုပ် ဖြစ်ဆဲနာမ်သည် သဘာဝလက္ခဏာ မည်၏၊ ဖြစ်ဆဲရုပ် နာမ်၏ ဥပါဒ်–ဠီ-ဘင်သည် သန်္တလက္ခနာမည်၏၊ဖြစ်ဆဲ ရုပ်နာမ်၏ ဥပါဒ်– ဠီ- ဘင်ဖြင့် မမြဲဟု မှတ်စရာ ဖေါက် ပြန်ပျက်စီးသော အခြင်းအရာ, ဆင်းရဲဟု မှတ်စရာ နှိပ် စက်သော အခြင်းအရာ, အစိုးမရဟု မှတ်စရာ အလိုသို့ မလိုက်သော အခြင်းအရာ ၃–ပါးသည် သာမညလက္ခဏာ မည်၏။ ဝိပဿနာကို အားထုတ်သော ယောဂီသည် သာ မညလက္ခဏာ ဉာဏ်မှာ ထင်အံ့ရာ သန်္တလက္ခဏာကို သိမှတ်ပိုင်းခြားရသည်၊ သန်္တလက္ခဏာ ဉာဏ်မှာ ထင် အံ့ရာ သဘာဝ လက္ခဏာကို သိမှတ် ပိုင်းခြား ရသည်။ သဘာဝလက္ခဏာ ဉာဏ်မှာ ထင်အံ့ရာ ဖြစ်ဆဲ ရုပ်နာမ် ကို သိမှတ်ပိုင်းခြားရသည်။

ဖြစ်ဆဲ'ရုပ်နာမ် ဉာဏ်မှာ ထင်တို့ရာ အဘယ်တရားကို ကျင့်သုံးရပါမည်နည်း-ဟုမေး၊ အဖြေကား-ဖြစ်ဆဲရုပ်နာမ် ဉာဏ်မှာ ထင်ဆိုရာ ဇာဂရိယ သံဝရသီလကို ကျင့်သုံးရပါသည်။

ထိုစကားမှန်၏—ဝိပဿနာသည် သတိပဋ္ဌာန်နှင့် ကင်း၍ ဖြစ်ရိုးမရှိချေ၊ ဇာဂရိယသံဝရ သီလသည် သတိပဋ္ဌာန်ဖြစ်၍ ဝိပဿနာနှင့်တကွဖြစ်၏။ ဝိပဿနာနှင့် တကွဖြစ်သောကြောင့် ဝိပဿနာ သီလလည်း မည်၏။ အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဟူသော စေတသိက်ကံ ၃-ပါး ဖြစ်ခွင့်မရအောင် ရှောင်ကြဉ်သောကြောင့် သမ္မတ္တ ဝိရတီလည်း မည်၏။ကိလေသာပျောက်ခြင်းဟူသော ပဟာန်ကိစ္စ တပ်ခြင်းကြောင့် ပဟာနသီလလည်းမည်၏။ ထို့ကြောင့် ဣန္ဒြေ ၆-ပါးတို့ကို ."အမှတ်=သတိ"ဖြင့် စောင့်သော အကျင့်သည် ပဋိပဒါဉာဏ်အသိဖြစ်လေတော့သည်၊ ပဋိပဒါဉာဏ်ဖြစ် လျှင် ဖြစ် ဆဲ ရုပ် နာမ် ဉာဏ် မှာ ထင် တော့ သည် ဟူလို။

**ချဲ့ ဦးအံ့**—ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါး တို့ကိုရှောင်၍ ကာယသုစရိုက် ၃-ပါး၊ ဝစီသုစရိုက် ၄-ပါးတို့ကို ဖြည့်ခြင်း ဟူသော ပါတိမောက္ခ သံဝရသီလ သည့်သဒ္ဓါပဋ္ဌါနဖြစ်၏။မျက်စိ၊နားနှာ-လျှာ-ကိုယ်-မနော ၆-ပါးတို့၌ လောဘ-ဒေါသ ဖြစ်ခွင့်မရအောင် "အမှတ်=သတိ"ဖြင့် စောင့်ခြင်းဟူသော ဣန္ဒြိယသံဝရသီလသည်၊ သတိပဋ္ဌာန ဖြစ်၏။ မကောင်းသော အသက်မွေးခြင်းမှ ရှောင်၍ သမ္မာ အာဇီဝဖြင့် အသက်မွေးခြင်း ဟူသော

အာဇီဝပါရိသုဒ္ဓိသီလသည်၊ ဝီရိယပစ္စာနဖြစ်၏။ ကျောင်း-အိမ်-သင်္ဃန်း-ဘောဇဉ်-ဆေး-အဝတ်-သင်္ကန်း-ပုဆိုး-ထမိ တို့ကို အချမ်း-အပူ-ဆာလောင် မွတ်သိပ်ခြင်း ရောဂါ-အရှက်အကြောက်တို့ကို ကာကွယ်ရုံမျှသာ သုံးဆောင်ခြင်းဟူသော ပစ္စယသန္နိဿိတ သီလသည် ပညာပစ္စာန ဖြစ်၏။ ဤသီလ ၄-သွယ်၊ တကယ်ဖြည့်ကျင့်သူကိုသဒ္ဓါ-သတိ-ဝီရိယ-ပညာတို့က သဘာဝ လက္ခဏာ။ သင်္ခတ လက္ခဏာ သာမညလက္ခဏာတို့ ဉာဏ်မှာထင်စေလျက်။ မဂ်ရောက်ဖိုလ်ဝင်နိဗ္ဗာန်သို့ ပို့တင်တော့သည့်သာ။

## ဓမ္မတာတရား (၁၁) ပါး။

၁ သီလရှိသူသည် စိတ်သာ ရွှင်၏။ ၂ စိတ်သာ ရွှင်သူသည်-ဝမ်းမြောက်၏။ ၃ ဝမ်းမြောက်သူသည် နှစ်သက်၏။ ၄ နှစ်သက်သူသည် ကိုယ်စိတ်ငြိမ်းအေး၏။ ၅ ကိုယ်စိတ်ငြိမ်းအေးသူသည် ချမ်းသာ၏။ ၆ ချမ်းသာသူသည် စိတ်တည်၏။ ၇ စိတ်တည်သူ (ဖြစ်ခိုက်-ငြိခိုက်-ပျက်ခိုက် ခဏတွယ အာရုံပြုလျက် တည်သောစိတ်ရှိသူ) သည်၊ ဖြစ်တဲ့ အတိုင်း သိ၏။ ၈ ဖြစ်တဲ့ အတိုင်း သိသူသည် ဝိပဿနာတွေ့ ငြီးငွေ့၏။ ၉ ဝိပဿနာတွေ့ငြီးငွေ့သူသည် မဂ်သုံးသီတင်း ရာဂကင်း၏။ မဂ်စိတ်ဖြစ်၏ ဟူလို။ ၁၀ မဂ်သုံးသီတင်း ရာဂကင်းသူသည် ကိလေသာဝဋ်ကင်း လွတ်၏ ဖိုလ်စိတ်ဖြစ်၏ဟူလို၊ ၁၁ ကိလေသာဝဋ် ကင်း လွတ်သူသည် ဆင်ခြင်၏။ ဝိမုတ္တိဉာဏ ဒဿန ဟူသော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏ဟူလို၊ ဤသီလ-အဝိပ္ပဋိသာရ-

ပါမောဇ္ဇ-ပီတိ-သုခ-ပဿဒ္ဓိ-သမာဓိ-ယထာဘူတဉာဏ နိဗ္ဗိဒါ-ဝိရာဂ-ဝိမုတ္တိ(၁၁)ပါးတို့ကို ဝိမုတ္တာယတန ၁၁-ပါးဟူ၍လည်း ခေါ်စမှတ် ပြုသေး၏၊

## မဂ်ဖိုလ်ရရေး ဆောင်ပုဒ်

ဣန္ဒြေ ၆ တန် အမှန် လုံလျှင်, ဖြစ်ဆဲ ရုပ်နာမ် ဉာဏ်မှာ ထင်တော့သည်။ ဖြစ်ဆဲရုပ်နာမ် ဉာဏ်မှာ ထင် လျှင်, သဘာဝ လက္ခဏာ ထင် တော့ သည်၊ သဘာဝ လက္ခဏာ ဉာဏ်မှာ ထင် လျှင်, သင်္ခတ လက္ခဏာ ထင်တော့သည်၊ သင်္ခတလက္ခဏာ ဉာဏ်မှာ ထင် လျှင်, သာမည လက္ခဏာ ထင် တော့ သည်။ သာမညလက္ခဏာ ဉာဏ်မှာ ထင်လျှင်, ဗလဝဝိပဿနာ မှန်စွာ ဖြစ်တော့သည်၊ ဗလဝဝိပဿနာ မှန်စွာ ဖြစ် လျှင်, မဂ် ဖိုလ် နိဗ္ဗာန် ကေန်ရတော့မည်။

ဗလဝဝိပဿနာ မှန်စွာ မဖြစ်လျှင်, သာမည လက္ခဏာ မထင်သေး၊ သာမညလက္ခဏာ ဉာဏ်မှာ မထင်လျှင်, သင်္ခတ လက္ခဏာ မထင်သေး၊ သင်္ခတ လက္ခဏာ ဉာဏ်မှာ မထင်လျှင်, သဘာဝလက္ခဏာ မထင်သေး။ သဘာဝ လက္ခဏာ ဉာဏ်မှာ မထင် လျှင်, ဖြစ်ဆဲ ရုပ် နာမ် အမှန် မထင်သေး။ ဖြစ်ဆဲ ရုပ် နာမ် အမှန် မထင်လျှင်, ဣန္ဒြေ ၆—တန် အမှန် မလုံသေး၊ ဣန္ဒြေ ၆—တန် အမှန်မလုံလျှင်, မဂ်ဖိုလ် နိဗ္ဗာန် ကေန်ဝေးလှသေး။

## သီလဝိသုဒ္ဓိအရေး

အထက်၌ဖော်ပြ စကားဝါကျ အရပ်ရပ်၏ သိအပ် သိဘွယ် အဓိပ္ပါယ် သဘောသွားတို့ ထင်ရှားစွာ ပေါ် လွင်စေရန် သီလဝိသုဒ္ဓိအရေးကို အရင်းအမြစ်နှင့် တကွ ဝေဘန်ထည့်သွင်းဦးအံ့၊

**ဒွါရ—အခွဲ။** ။ဒွါရသည်၊ ကမ္မဒွါရ ဝိညာဏဒွါရအားဖြင့် ၂-ပါးပြား၏။ ထိုတွင် ကမ္မဒွါရသည်၊ ကာယဒွါရ ဝစီဒွါရ မနောဒွါရအားဖြင့် ၃—ပါးပြားပြန်၏။ ထိုတွင် ကာယကံကို ဖြစ်စေတတ်သော ကိုယ် အမူ အရာသည်၊ ကာယဒွါရမည်၏၊ ဝစီကံကို ဖြစ်စေတတ်သော နှုတ်အမူ အရာသည် ဝစီဒွါရမည်၏၊ မနောကံကိုဖြစ်စေတတ်သော စိတ်အမူအရာသည် မနောဒွါရမည်၏။

ဝိညာဏဒွါရသည်လည်း စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရအားဖြင့် ၆—ပါးပြားပြန်၏။ ထိုတွင် စက္ခု—သောတ—ဃာန—ဇိဝှါ—ကာယဒွါရ ၅—ပါးသည် ကာယကံ—ဝစီကံ ၂ပါးကို မဖြစ်စေတတ်၊ မနောကံ တပါးကိုသာ ဖြစ်စေ တတ်သောကြောင့် မနောဒွါရသာ မည်၏။

**အကုသိုလ် ကံ—ဖြစ်ရာ ကမ္မ ဒွါရ။** ။ကိုယ်ဖြင့် မကောင်းသော အကျင့် မကောင်းသော အလေ့ အလာ (ဒုသ္သီလ-မိစ္ဆာဇီဝ)သည် ကာယဒွါရမှာဖြစ်၏၊ နှုတ်ဖြင့် မကောင်းသောအကျင့် မကောင်းသော အလေ့အလာ

(ဒုဿီလ-မိစ္ဆာ၁ဇီဝ)သည် ဝစီဒွါရမှာ ဖြစ်၏။ စိတ်ဖြင့် မကောင်းသော အကျင့် မကောင်းသော အလေ့ အလာ (ဒုဿီလ-မိစ္ဆာ ဇီဝ)သည် ဝစီ ဒွါရမှာဖြစ်၏၊ စိတ်ဖြင့် မကောင်းသော အကျင့် မကောင်းသော အလေ့အလာ (ဒုဿီလ-အဘိဇ္ဈာ-ဗျာပါဒ-မိစ္ဆာဒိဋ္ဌိ)သည်၊မနောဒွါရမှာဖြစ်၏။

ကိုယ် ဖြင့် ကောင်း သော အ ကျင့် ကောင်း သော အလေ့အလာ(သီလ–သမ္မာအာဇီဝ)သည် ကာယဒွါရမှာ ဖြစ်၏။ နှုတ်ဖြင့် ကောင်းသော အကျင့် ကောင်းသော အလေ့အလာ (သီလ-သမ္မာအာဇီဝ) သည် ဝစီဒွါရမှာ ဖြစ်၏။ စိတ်ဖြင့် ကောင်းသောအကျင့် ကောင်းသော အလေ့အလာ (သီလ- အနဘိဇ္ဈာ- အဗျာပါဒ-သမ္မာဒိဋ္ဌိ) သည် မနောဒွါရမှာ ဖြစ်၏။

**အကုနှင့်ကု ဖြစ်ရာစိတ်ဒွါရ'** ။ မြင်သော ခဏ မျက်စိကို မစောင့်ရှောက်ခြင်း, မေ့လျော့ခြင်း, မသိခြင်း, သည်းမခံခြင်း, အားမထုတ်ခြင်း, (ဒုဿီလ, မုဋ္ဌသတိ, အညာဏ, အက္ခန္တိ, ကောသဇ္ဇ)တရား ၅ ပါးသည် မနော ဒွါရမှာဖြစ်၏၊ကြားသောခဏ နားကို,နံသောခဏ နှာကို, စားသောခဏ လျှာကို, ထိသောခဏ ကိုယ်ကို,သိသော ခဏ မနောကို မစောင့်ရှောက်ခြင်း, မေ့လျော့ခြင်း, မသိခြင်း, သည်းမခံခြင်း,အားမထုတ်ခြင်း, တရား ၅ ပါးသည် မနောဒွါရမှာဖြစ်၏။

မြင်သောခဏ မျက်စိကို စောင့်ရှောက်ခြင်း, မမေ့

လျှော့ခြင်း, သိခြင်း, သည်းခံခြင်း, အားထုတ်ခြင်း (သီလ, သတိ,ဉာဏ,ခန္တိ,ဝီရိယ) တရား ၅ ပါးသည် မနေ့ာဒ္ဒါရ မှာ ဖြစ်၏၊ ကြားသောခဏ နားကို,နံသောခဏ နှာကို, စားသောခဏ လျှာကို, ထိသောခဏ ကိုယ်ကို, သိသော ခဏ မနော့ကို, စောင့်ရှောက်ခြင်း' မမေ့လျော့ခြင်း, သိခြင်း, သည်းခံခြင်း, အားထုတ်ခြင်း, တရား ၅ ပါးသည် မနေ့ာဒ္ဒါရမှာဖြစ်၏။

ပစ္စည်း ၄-ပါး (စားဘွယ်-အဝတ်-နေရာ-ဆေး) ကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း သ တိ သ မ္ပ ဇဉ် ကင်း မဆင်ခြင်ခြင်း [ဒုဿီလ] သည် မနော ဒွါရမှာ ဖြစ်၏။ ပစ္စည်း ၄-ပါးကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း သတိ သမ္ပဇဉ် ဆင်ခြင်ခြင်း (သီလ)သည် မနေ့ာဒ္ဒါရမှာ ဖြစ်၏။

**စေတနာကံ စေတသိက်ကံ။** ။ကံသည် စေတနာ ကံ စေတသိက်ကံအားဖြင့် ၂-ပါးပြား၏၊ ထိုတွင် စေတနာ ကံသည် ကာယကံ ၃-ပါး ဝစီကံ ၄-ပါးအားဖြင့် ၇-ပါး ပြား၏၊ စေတသိက်ကံသည် အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အားဖြင့် ၃-ပါးပြား၏။

**စေတသိက်ကံ တရားကိုယ်။** ။ စေတသိက်ကံ ၃-ပါးတို့တွင် အဘိဇ္ဈာသည် နှစ်သက်ခြင်း (ဇုဋ္ဌ) လက္ခ ဏာ ရှိသောကြောင့် လောဘမည်၏၊ဗျာပါဒသည် မနှစ် သက်ခြင်း(အနိဋ္ဌ)လက္ခဏာရှိသောကြောင့် ဒေါသမည်၏ မိစ္ဆာဒိဋ္ဌိသည် မညီမညွတ်ရှုခြင်း (အသမပေက္ခ) လက္ခ ဏာ ရှိသောကြောင့် မောဟမည်၏။

**ဝိရတိ ၃-မျိုး။** ။ ဝိရတိသည် သမ္ပတ္တ ဝိရတိ သမာဒါနဝိရတိ သမုစ္ဆေဒဝိရတိ ဟု ၃-မျိုးပြား၏၊ထိုတွင် ကာယကံ၃-ပါး ဝစီကံ ၄-ပါးအားဖြင့် ပြားသော စေတနာကံ ၇-ပါးနှင့် အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အားဖြင့် ပြားသော စေတသိက်ကံ ၃-ပါး, ဤစေတနာကံ စေတသိက်ကံ ၂-ပါးစုံကို တပေါင်းတည်း **မဂ်**ဖြင့် ပယ်ခြင်း သည့် သမုစ္ဆေဒဝိရတိမည်၏။

ကာယကံ ၃-ပါး ဝစီကံ ၄- ပါးအားဖြင့် ပြားသော စေတနာကံ ၇-ပါးကို ၅-ပါးသီလဖြင့် ဖြစ်စေ, ၈-ပါး ၁၀-ပါး သီလများဖြင့် ဖြစ်စေ, ပါတိမောက္ခသံဝရသီလ ဖြင့် ဖြစ်စေ ပယ်ခြင်းသည် သမာဒါနဝိရတိ မည်၏။

အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိအားဖြင့် ပြားသော စေ **တ**သိက်ကံ၃-ပါးကို ဣန္ဒြိယသံဝရ သီလ=(ပဟာနသီလ ဝိပဿနာသီလ) ဖြင့် ပယ်ခြင်းသည်ကား သမ္ပတ္တ ဝိရတိ **မ**ည်၏။

## အထင်အမှတ်ဖြင့် မှတ်၍ ဇူနြွေ မလုံခြုံ

မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဓောကာလမှာ ဝိပဿနာကို အားမထုတ်သော သူတို့၏ အထင်အမှတ် ဖြင့်သာ မှတ်၍ မျက်စိကို မစောင့်ရှောက်ခြင်း(ဒုဿီလ), မေ့လျော့ခြင်း (မုဋ္ဌသတိ), မသိခြင်း (အညာဏ), သည်း မခံခြင်း(အက္ခန္တိ), အားမထုတ်ခြင်း(ကောသဇ္ဇ) ဤတရား ငါးပါး ဖြစ်သည်ရှိသော် စက္ခုဒြွေကို မစောင့်ရှောက်သည်

မည့်၏။ဒွါရတံခါး မလုံရှိ၊ဘဝင်စိတ် ဝီထိစိတ်လည်းမလုံ ရှိ၊ လောဘ ဒေါသ မောဟ = ခိုးသူသည့် ဝင်လာ၍ ကုသိုလ်=ဥစ္စာထုပ်ကို လုယူသည်မည်၏၊ သဘောအား ဖြင့် ဖြူစင်သန့်ရှင်း ကြည်လင်သော အာဝဇ္ဇနဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း ညစ်သည် အာဂန္တုကဖြစ်သော လောဘ ဒေါသ မောဟ ကိလေသာ အခြစ် အကြေးဖြင့် ပြစ်ငြူး လူးလဲ ပေရေ လိမ်းကျံသည်မည်၏။

နားဖြင့် အသံကို ကြားသောခဏ, နှာဖြင့် အနံ့ကို နံသောခဏ, လျှာဖြင့် အရသာကို စားသောခဏ, ကိုယ် ဖြင့် အတွေ့ကို ထိသောခဏ, စိတ်ဖြင့် သဘောကို သိ သောခဏ "ဓောကာလမှာ" ဝိပဿနာကို အားမထုတ် သော သူတို့၏ အထင်အမှတ်ဖြင့်သာ မှတ်၍ နား, နှာ, လျှာ, ကိုယ်, စိတ်ကို မစောင့်ရှောက်ခြင်း မေ့လျော့ခြင်း မသိခြင်း သည်းမခံခြင်း အားမထုတ်ခြင်း ဤတရားငါးပါး ဖြစ်သည်ရှိသော် သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာ ယိန္ဒြေ, မနိန္ဒြေကို, မစောင့်ရှောက်သည် မည်၏၊ ဒွါရ တံခါး မလုံရှိ၊ ဘဝင်စိတ် ဝီထိစိတ်လည်း မလုံရှိ၊ လော ဘ ဒေါသ မောဟ ခိုးသူသည့် ဝင်လာ၍ ကုသိုလ်ဥစ္စာ ထုပ်ကို လုယူသည်မည်၏၊သဘောအားဖြင့် ဖြူစင်သန့်ရှင်း ကြည့်လင်သော အာဝဇ္ဇနဖြစ်သော ဘဝင်စိတ် ဝီထိ စိတ်သည်လည်း ညစ်သည် အာဂန္တုကဖြစ်သော လောဘ ဒေါသ မောဟ ကိလေသာ အခြစ်အကြေးဖြင့် ပြစ်ငြူး လူးလဲ ပေရေ လိမ်းကျံသည်မည်၏။

## အသိအမှတ်ဖြင့် မှတ်မှ ဣန္ဒြေလုံခြုံ

မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလမှာ ဥပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍ မျက်စိကို စောင့်ရှောက်ခြင်း (သီလ), မမေ့မလျော့ခြင်း(သတိ), သိခြင်း(ဉာဏ), သည်းခံခြင်း(ခန္တီ), အားထုတ်ခြင်း(ဝီရိယ), ဤတရားငါးပါး ဖြစ်သည်ရှိသော် မျက်စိကို စောင့်ရှောက်သည် မည်၏၊ ဒွါရတံခါး လုံခြုံ၏၊ ဘဝင်စိတ် ဝီထိစိတ်လည်း လုံခြုံ၏၊ လောဘ ဒေါသ မောဟ ခိုးသူသည် မဝင်နိုင်၍ ကုသိုလ်ဥစ္စာထုပ်ကို လုယူ မယူသည် မည်၏၊ သဘောအားဖြင့် ပြုစင် ကြည်လင် သန့်ရှင်းသော အာဝါသိကဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း ဧည့်သည်အာဂန္တုကဖြစ်သော လောဘ ဒေါသ မောဟ ကိလေသာ အငြစ်အကြေးဖြင့် မငြစ်ငြူး မလူးလဲ မပေရေ မလိမ်းကျံသည်မည်၏။

နားဖြင့် အသံကို ကြားသောခဏ, နှာဖြင့် အနံ့ကို နံသောခဏ, လျှာဖြင့် အရသာကို စားသောခဏ, ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ, စိတ်ဖြင့် သဘောကို သိသောခဏ “ဇောကာလမှာ” ဥပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍ နား, နှာ, လျှာ, ကိုယ်, စိတ်ကို စောင့်ရှောက်ခြင်း မမေ့မလျော့ခြင်း သိခြင်း သည်းခံခြင်း အားထုတ်ခြင်း ဤတရားငါးပါး ဖြစ်သည်ရှိသော် သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေကို စောင့်ရှောက်သည် မည်၏၊ ဒွါရတံခါး လုံခြုံ၏၊

ဘဝင်စိတ် ဝီထိစိတ်လည်း လုံခြုံ၏၊ လောဘ ဒေါသ မောဟ နှိုးသူ မဝင်နိုင်၍ ကုသိုလ်ဥစ္စာထုပ်ကို လု မယူသည်မည် ၏၊ သဘောအားဖြင့် ဖြူစင် ကြည်လင် သန့်ရှင်းသော အာဝါသိကဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း ညှော်သည့်အာဂန္တုကဖြစ်သော လောဘ ဒေါသ မောဟ အငြစ်အကြေးဖြင့် မငြစ်ငြူး မလူးလဲ မပေရေ မလိမ်းကျံသည်မည်၏။

ပဘဿရံမိဒံ ဘိက္ခဝေ စိတ္တံ,တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဒံစိတ္တံ- ဤ (အာဝါသိက)စိတ်သည်၊ ပဘဿရံ-ကြည်လင် သန့်ရှင်း, ဖြူစင်ခြင်းဖြင့်,ဝင်းတလက်လက်, ထွက်သော အရောင်, တပြောင်ပြောင်တောက်ပ၏၊ တဉ္စခေါ စိတ္တံ-ထိုစိတ်သည်လည်း၊ အာဂန္တုကေဟိ-ညှော်သည့်အာဂန္တု ဖြစ်ကုန်သော၊ ဥပက္ကိလေသေဟိ-ကိလေသာ အငြစ်အကြေးတို့ဖြင့်၊ ဥပက္ကိလိဋ္ဌံ-ရောင်ဆင်းမဖြူ,ငြစ်ငြူးလူးလဲ၏။....ဧကင်္ဂုတ္တရပါဠိတော်။

—O—

## ဣန္ဒြေ ၆-တန် အမှန်လုံရေး

မကောင်းသော အကြံကို ကြံခြင်း,မကောင်းသော အပြောအဆိုကို ပြောဆိုခြင်း,မကောင်းသော အပြုအကျင့်ကိုပြုကျင့်ခြင်း ဟူသော **ဗာလလက္ခဏာ ၃-ပါးမှ ဝေးစွာ ရှောင်လျက်....** ကောင်းသော အကြံကို ကြံခြင်း,

ကောင်းသော အပြောအဆိုကို ပြောဆိုခြင်း, ကောင်းသော အပြုအကျင့်ကို ပြုကျင့်ခြင်း ဟူသော **ပဏ္ဍိတလက္ခဏာ ၃-ပါး**နှင့် ပြည့်စုံလိုသော ယောဂီသည် မကောင်းသော ကိုယ်အပြုအကျင့်နှင့် မကောင်းသော နှုတ်အပြောအဆို ဟူသော ဗာလလက္ခဏာ ၂-ပါးကို ၅-ပါးသီလ, ၈-ပါး သီလ, ၁၀-ပါးသီလ, ပါတိမောက္ခသံဝရသီလဖြင့် ပယ် ပြီး၍....

မကောင်းသော စိတ်အကြံကို ကြံခြင်းဟူသော ဗာလ လက္ခဏာရှိသည့် လောဘ ဒေါသ မောဟ အားဖြင့်ပြား သော မနောကံ ၃-ပါးကို ပယ်ခြင်း၌...., ဝါ-ကိုယ်- နှုတ်ဆိုင်ရာ ပဏ္ဍိတလက္ခဏာ ၂-ပါးနှင့် ပြည့်စုံပြီး၍, စိတ် နှင့်ဆိုင်ရာ ပဏ္ဍိတလက္ခဏာနှင့် ပြည့်စုံစေခြင်း၌...., ဝါ-သမာဒါနဝိရတိ ဖြစ်ရှိပြီး၍ သမ္ပတ္တဝိရတိ ဖြစ်ရှိစေ ခြင်း၌.... **''ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့်''**

**မျက်စိဖြင့် အဆင်းကိုမြင်သောခဏ ဇောကာ လမှာ ''မြင်-မြင်တယ်-မှတ်''၏၊နားဖြင့် အသံကို ကြားသောခဏ ဇောကာလမှာ''ကြား-ကြားတယ် မှတ်''၏၊နှာဖြင့် အနံ့ကို နံသောခဏ ဇောကာလ မှာ''နံ-နံတယ်မှတ်''၏။လျှာဖြင့် အရသာကို စား သောခဏ ဇောကာလမှာ ''စားတယ်-စားတယ် မှတ်''၏။ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ ဇော**

**ကာလမှာ ''ထိ-ထိတယ် မှတ်''၏, စိတ်ဖြင့် သဘောကို သိသောခဏ ဇောကာလမှာ ''သိ-သိတယ်မှတ်''၏။**

ယင်းသို့ မှတ်သဖြင့် အမှတ်ဖြင့် သိ၍ မြင်-မြင်တယ် မှတ်ယုံမျှဖြင့် ရပ်၏, ကြား-ကြားတယ် မှတ်ယုံမျှဖြင့် ရပ်၏, နံ-နံတယ် မှတ်ရုံမျှဖြင့် ရပ်၏, စား-စားတယ် မှတ်ရုံမျှဖြင့် ရပ်၏, ထိ-ထိတယ် မှတ်ရုံမျှဖြင့် ရပ်၏, သိ-သိတယ် မှတ်ရုံမျှဖြင့် ရပ်၏။

ထိုစကားမှန်၏-မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလမှာ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိ အမှတ်ဖြင့်''မြင်-မြင်တယ်''ဟုမှတ်ယုံမျှဖြင့် ရပ်သောကြောင့် ရင်သား- သားမြတ်- ဆံထုံး- ဥသျှောင်စသည် မိန်းမအမှတ်= ဣတ္ထိနိမိတ်, ယောက်ျားအမှတ်= ပုရိသနိမိတ်ကိုရင်း, ရာဂ ဖြစ်ကြောင်း ဖြစ်သော လှပတင့်တယ် နှစ်သက်ဘွယ် ရှိ၏ဟူသော သုဘနိမိတ်, ဒေါသဖြစ်ကြောင်း ဖြစ်သော မနှစ်သက်ဘွယ် မတင့်တယ်ဟူသော ပဋိဃနိမိတ်, မောဟဖြစ်ကြောင်း အာရုံဖြစ်သော ဥပေက္ခာနိမိတ်ကိုရင်း, မိန်းမ ယောက်ျား၏ ရင်သား- သားမြတ် ဆံထုံး- ဥသျှောင် စသည်ဟူ၍လည်း မယူ, ....လှပတင့်တယ် နှစ်သဘွယ် ရှိ၏ဟူ၍လည်း ရာဂဖြင့် မယူ, .... မနှစ်သက်ဘွယ် မတင့်တယ်ဟူ၍လည်း ဒေါသဖြင့် မယူ ....ဟုတ်မှန်သည့် သဘာဝအတိုင်း မသိမမြင် မဆင်ခြင်မှု၍လည်း မောဟဖြင့် မယူ ပေ။

နားဖြင့် အသံကို ကြားသော ခဏ ဇောကာလမှာ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့် ''ကြား- ကြားတယ်''ဟု မှတ်ယုံမျှဖြင့် ရပ်သောကြောင့် မိန်းမသံ ယောကျ်ားသံ ဟူသော နိမိတ်, ဣဋ္ဌာရုံဖြစ်သော သုဘနိမိတ်, အနိဋ္ဌာရုံဖြစ်သော အသုဘနိမိတ်, မောဟ၏ အာရုံဖြစ်သော ဥပေက္ခာနိမိတ်, သံသာ သံညှင်း သံပြင်း သံပြတ် စသော အခြင်းအရာဟု ဆိုအပ်သော အနုဗျဉ္ဇန ဤနိမိတ်နှင့် အနုဗျဉ္ဇနကို မယူ ပေ။

နှာဖြင့် အနံ့ကို နံ့သောခဏ ဇောကာလမှာ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့် ''နံ့-နံ့ တယ်'' ဟု မှတ်ယုံမျှဖြင့် ရပ် သော ကြောင် မိန်းမနံ့ ယောကျ်ားနံ့ ဟူသောနိမိတ်, ဣဋ္ဌာရုံဖြစ်သော သုဘနိမိတ်, အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်, မောဟ၏ အာရုံဖြစ်သော ဥပေက္ခာနိမိတ်, သင်းသင်း ထုံထုံ ပဒုမ္မာနံ့ စန္ဒကူးနံ့ ရေမွှေးနံ့စသော အခြင်းအရာဟု ဆိုအပ်သော အနုဗျဉ္ဇန ဤ နိမိတ်နှင့် အနုဗျဉ္ဇနတို့ကို မယူ ပေ။

လျှာဖြင့် အရသာကို စားသောခဏ ဇောကာလမှာ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့် ''စား-စားတယ်''ဟု မှတ်ယုံမျှဖြင့် ရပ်သောကြောင့် မိန်းမ အရသာ ယောကျ်ားအရသာ ဟူသောနိမိတ်, ဣဋ္ဌာရုံဖြစ် သော သုဘနိမိတ်, အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်, မောဟ ၏ အာရုံဖြစ်သော ဥပေက္ခာနိမိတ်, ချို-ချဉ်-စပ်-ငန်စသော

အခြင်းအရာဟု ဆိုအပ်သော အနုဗျဉ္ဇန ဤနိမိတ် အနုဗျဉ္ဇန တို့ကို မယူ ပေ။

ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ ဇောကာလ၌ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့် ''ထိ-ထိတယ်''ဟု မှတ်ယုံမျှဖြင့် ရပ်သောကြောင့် မိန်းမ အတွေ့ ယောကျ်ားအတွေ့ ဟူသောနိမိတ်, ဣဋ္ဌာရုံဖြစ်သော သုဘနိမိတ်, အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်, မောဟ၏ အာရုံဖြစ်သော ဥပေက္ခာနိမိတ်, နူးနူး ညံ့ညံ့ ခံ့ခံ့ မာမာ မြဲမြဲ အေးအေး နွေးနွေး ရှိန်းရှိန်း စသော အခြင်း အရာဟု ဆိုအပ်သော အနုဗျဉ္ဇန ဤနိမိတ် အနုဗျဉ္ဇနတို့ကိုမယူပေ။

စိတ်ဖြင့် သဘောကို သိသောခဏ ဇောကာလ၌ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့် ''သိ-သိတယ်''ဟု မှတ်ယုံမျှဖြင့် ရပ်သောကြောင့် မိန်းမ သဘော ယောကျ်ားသဘော ဟူသော နိမိတ်, ဣဋ္ဌာရုံဖြစ် သော သုဘနိမိတ်,အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်,မောဟ၏ အာရုံဖြစ်သော ဥပေက္ခာနိမိတ်, သိမ်မွေ့- ရုန့်ရင်း- ယုတ်-ခြင်း မြတ်ခြင်း စသော အနုဗျဉ္ဇန ဤနိမိတ် အနုဗျဉ္ဇန တို့ကို မယူ ပေ။

ဤသို့မှတ်သဖြင့် အမှတ်ဖြင့်သိ၍ မှတ်ယုံမျှဖြင့် ရပ် သောကြောင့် ကိလေသာနှင့် မစပ်၊ ဘဝင်-ဒွါရ-အာရုံ- ဝိညာဏ် တပေါင်းတည်း ရုပ်နာမ်အပိုင်းအခြားဖြစ်၏၊

အဘယ့်ကြောင့် ကိလေသာနှင့် မစပ်ဘဲ ဘဝင် ဒွါရ

အာရုံ ဝိညာဏ် တပေါင်းတည်း ရုပ်နာမ် အပိုင်း အခြား ဖြစ်ပါသနည်း- ဟုမေး။ အဖြေကား—ဆိုကဲ့ပြီးအတိုင်း အမှတ်ဖြင့်သိ၍ ကိလေသာ အစဉ်တစိုက် မပြတ်လိုက်သော မိန်းမ-ယောကျ်ား-လက်-ခြေ-အင်္ဂါ-မျက်နှာ-ရင်-ဝမ်း- နှုတ်ခမ်း-သွား-မေး-စသော နိမိတ်အနုဗျဉ္ဇနကို''အထင်အမှတ်ဖြင့်မယူသောကြောင့်''ကိလေသာနှင့် မစပ်ဘဲဘဝင် နှိုင်ရ အာရုံ ဝိညာဏ် တပေါင်းတည်း ရုပ်နာမ် အပိုင်းအခြား ဖြစ်ပါသတည်း။

## ရူပ ပရိစ္ဆေဒ ဉာဏ်မှန်ရရေး

**ဆောင်ပုဒ်။** ။ နာမ်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏၊ ဤဉာဏ်ဖြစ်အောင် အားထုတ်လိုသော ယောဂီသည် ရုပ်ကို ရှေးဦးစွာ ပိုင်းခြားအပ်၏၊ ရုပ်ကို ပိုင်းခြားပါများ၍ ''ရုပ်ကိုသိသောစိတ်'' အကြွင်းအခါ ထင်လာ၏၊ ထိုအခါ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေ၏။

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အစွန်းအကြေးဟူသော အယုတ်-အလွန် ၂-ခု အဘို့အစုတို့သို့ မကပ်ရောက်စေဘဲ အလယ်ကြား= (မဇ္ဈိမ)ဖြင့် ''အကျင့်=ပဋိပဒါ'' ဉာဏ ဝါဒအစစ် မိမိသန္တာန်မှာ ဖြစ်ရှိစေလိုသော ယောဂီသည် ရှေးဦးစွာ ရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ရုပ်ကို ပိုင်းခြား၏၊ ပိုင်းခြားပုံကား...

၁။ မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလ မှာ မြင်-မြင်တယ်-မှတ်၏။

၂။ နားဖြင့် အသံကို ကြားသောခဏ ဇောကာလမှာ ကြား-ကြားတယ်-မှတ်၏။

၃။ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ ဇောကာလမှာ နံ-နံတယ်-မှတ်၏။

၄။ လျှာဖြင့် အရသာကို စားသောခဏ ဇောကာလ မှာ စား-စားတယ်-မှတ်၏။

၅။ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ ဇောကာလမှာ ထိ-ထိတယ်-မှတ်၏။

၆။ စိတ်ဖြင့် သဘောကို သိသောခဏ ဇောကာလမှာ သိ-သိတယ်-မှတ်၏။

## မှတ်သဖြင့် ရုပ်အပိုင်းအခြားဖြစ်ပုံ

မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလမှာ ''မြင်-မြင်တယ်-မှတ်'' ဆိုရာ၌ မှတ်ခြင်းသည် ပဌမ အကြိမ် ဒုတိယအကြိမ် တတိယအကြိမ်အားဖြင့် ၃-ပါးရှိ၏။ ထိုတွင် စက္ခုဒွါရ မြင်သောခဏ ဇောကာလမှာ ပထမ အကြိမ် မြင်-မြင်တယ်-မှတ်ခြင်းသည် ''ဘဝင်-ဒွါရ-အာရုံ-ဝိညာဏ်နှင့် ကိလေသာ မရော မစပ်အောင်'' စက္ခုဒြေကို စောင့်ရှောက်သောအားဖြင့် ပိုင်းခြားအပ်သောကြောင့် မျက်စိ-အဆင်း-မြင်ခြင်း ၃-ပါးကို တပေါင်းတည်း ပိုင်းခြားသည် မည်၏၊ နာမ်အပိုင်းအခြား

ရုပ်အပိုင်းအခြား ၂-ပါးတို့တွင် အခင်းကို အာရုံပြု၍ မြင်-မြင်တယ်ဟု မှတ်သောကြောင့် အခင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏၊ ထိုအတူ တဒနုဝတ္တက မနောဒွါရဇောကာလမှာ ဒုတိယအကြိမ်, တဒနုဝတ္တက မနောဒွါရဇောကာလမှာ တတိယအကြိမ် မြင်-မြင်တယ် မှတ်ခြင်းသည် စက္ခုဒွါရဖြင့် မြင်ပြီးသောအခင်းကို အာရုံပြု၍ မြင်-မြင်တယ် မှတ်သောကြောင့် အခင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏။

ထိုအတူ ကြားသောခဏ နံသောခဏ စားသောခဏ ထိသောခဏ သိသောခဏ''ဇောကာလမှာ''ကြားတယ် နံတယ် စားတယ် ထိတယ် သိတယ် မှတ်ခြင်းသည် အသံ အနံ့ အရသာ အတွေ့ သဘောကို ''အာရုံပြု၍'' ကြားတယ် နံတယ် စားတယ် ထိတယ် သိတယ်ဟု မှတ်သောကြောင့် အသံ အနံ့ အရသာ အတွေ့ သဘော ဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏။

မြင်သောခဏ မြင်-မြင်တယ်မှတ်ရာ၌ ''မြင်=စက္ခုဝိညာဏ်'' ဆိုသည် ဖြစ်လျက် အဘယ့်ကြောင့် နာမ်အပိုင်းအခြား မဖြစ်ဘဲ အခင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၏ဟု ဆိုအပ်ပါသနည်း-ဟုမေး၊ အဖြေကား-မြင်သောခဏ မှတ်သော အသိဉာဏ်မှာ မျက်စိဖြင့် အခင်းကို မြင်တယ်ဟု အခင်းကိုကိုသာမှတ်၍ ပြောဆိုသကဲ့သို့ ''မြင်=စက္ခုဝိညာဏ်'' ဆိုသော်လည်း မြင်သောခဏ မြင်-မြင်တယ်ဟု အခင်းကိုသာ အာရုံပြု၍ အာဒိကမ္မိက

အစစ္စာ ရုပ်ကိုပိုင်းခြားသော ယောဂီမှတ်၍-ဟု ဆိုသည်။ ထို့ကြောင့် အဆင်းဟူသော ရုပ်အပိုင်းအခြားမျှသာ ဖြစ်၍၊ နာမ်အပိုင်းအခြား မဖြစ်သေးချေ။ ဤနည်းကို မှီ၍ ကြွင်းသောခဏတို့၌ ရုပ်အပိုင်း အခြားမျှသာ ဖြစ်ပုံ, နာမ်အပိုင်း အခြား မဖြစ်သေးပုံကို ဆိုရန်မှာ သိသာနိုင်လောက်ပြီ။

## နာမ ပရိစ္ဆေဒဉာဏ်ဖြစ်၍, ရုပ်-နာမ်ထင်ပုံ

ဆိုခဲ့ပြီးသောနည်းဖြင့် ကြိမ်ဖန်များစွာ သိမှတ်ပိုင်းခြားပါများ၍ နာမ်ကို ပိုင်းခြားသောဉာဏ် **ဘာသာအလျောက်** တဆင့်တက်သည် ရှိသော် မြင်သောခဏ၊ ''မြင်-မြင်တယ်ဟု အဆင်းကို တကြိမ်'' ဝိပဿနာစိတ်ဖြင့် မှတ်၍၊ မြင်တယ် မှတ်သော ရှေ့ဝိပဿနာစိတ်ကို ''မြင်တယ်မှတ်-မှတ်တယ်ဟု စိတ်ကို တကြိမ်'' နောက် ဝိပဿနာစိတ်ဖြင့် မှတ်၍၊ ဤသို့ မှတ်သည် ရှိသော် ရုပ်ကို ပိုင်းခြားသောဉာဏ် နာမ်ကိုပိုင်းခြားသောဉာဏ် စုံ၍ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်၍၊ မြင်သောခဏ ယောဂီဉာဏ်မှာ ''မြင်-မြင်တယ်, မြင်တယ်မှတ်-မှတ်တယ်'' **ထင်**၍။

ထို့အတူ ကြားသော ခဏ ကြား-ကြားတယ်, ကြားတယ်မှတ်-မှတ်တယ် + နံသောခဏ နံ-နံတယ်, နံတယ်မှတ်- မှတ်တယ်+ စားသောခဏ စား-စားတယ်, စားတယ်မှတ် + မှတ်တယ်+ ထိသောခဏ ထိ-ထိတယ်, ထိတယ်မှတ်- မှတ်တယ်— သိသောခဏ သိ-သိတယ်, သိတယ်မှတ်-မှတ်တယ် **ထင်**၍၊- ဤသို့ ထင်သည် ရှိသော်

ရုပ်ကို ပိုင်းခြားသောဉာဏ်, နာမ်ကိုပိုင်းခြားသောဉာဏ်, ဆိုဖို့ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်လေတော့သည်။

## မဟာသတိပဋ္ဌာန်လာ, ဝိပဿနာများ

ရူပပရိစ္ဆေဒဉာဏ်ကို ပြဆိုခဲ့ရာဝယ် " စိတ်ဖြင့် သဘောကို သိသောခဏ သိ-သိတယ်မှတ်" ဟု- ဆိုခဲ့သော စကားသည် အများနှင့် ဆက်ဆံသော သာမည စကားပေတည်း။ အများနှင့် မဆက်ဆံအောင် ဝိသေသအားဖြင့် ဆိုရသော် ဆိုစရာ အလွန်များ၏။အကျယ်ဆိုသော်လည်း ဝိပဿနာမှာ လိုရင်း မကျ အကျိုးမရ ဖြစ်လေ ရာ၏။.... ဝိပဿနာ မှန်လျှင် သတိပဋ္ဌာန်နှင့် တခုခုသော မကင်းကောင်း၊ ထို့ကြောင့် ဝိပဿနာဉာဏ် အခြေအမြစ် မမှန်သော သတိပဋ္ဌာန်ကို မဆိုတော့ဘဲ, ဝိပဿနာဉာဏ် အခြေအမြစ်မှန်သော သတိပဋ္ဌာန် ကိုသာ ဆိုတော့မည်။ ဝိပဿနာဉာဏ်အခြေအမြစ်မှန်သော သတိပဋ္ဌာန်အရ.... ရူပ ပရိစ္ဆေဒဉာဏ်အားဖြင့် ရုပ်ကိုပိုင်းခြားပုံကား....

သွားသောခဏ သွား-သွားတယ် မှတ်၍၊
ရပ်သောခဏ ရပ်-ရပ်တယ် မှတ်၍၊
ထိုင်သောခဏ ထိုင်-ထိုင်တယ် မှတ်၍၊
အိပ်သောခဏ အိပ်-အိပ်တယ် မှတ်၍၊

## ဣရိယာပထ, ရူပပရိစ္ဆေဒဉာဏ်

သွား- သွားတယ်မှတ် ဆိုသော စကား၌ သွားသော ရုပ်ကို သွားပါယ် မှတ်သော ဝိပဿနာဖြင့် ပိုင်းခြား၏။

ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏၊ ရပ်-ရပ်တယ်ဆိုရာ၌ ရပ်သော ရုပ်ကို ရပ်တယ်မှတ်သော ဝိပဿနာဖြင့် ပိုင်းခြား၏၊ ထိုင် ထိုင်တယ်ဆိုရာ၌ ထိုင်သော ရုပ်ကို ထိုင်တယ်မှတ်သော ဝိပဿနာဖြင့် ပိုင်းခြား၏၊ အိပ်- အိပ်တယ် ဆိုရာ၌ အိပ် သော ရုပ်ကို အိပ်တယ်မှတ်သော ဝိပဿနာဖြင့် ပိုင်းခြား ၏၊ ရူပပရိစ္ဆေဒဉာဏ် ဖြစ်၏။

## နာမပရိစ္ဆေဒဉာဏ်ဖြစ်၍ ရုပ်နာမ်ထင်ပုံ

ဆိုခဲ့ပြီးသော နည်းအတိုင်း ဉာဏ်တဆင့်တက်၍ သွား တယ် မှတ်သော ရှေ့စိတ်ကို နောက် ဝိပဿနာ စိတ်ဖြင့် "သွားတယ်မှတ်-မှတ်တယ်"ဟု- နာမ်ကို ပိုင်းခြား၏။ နာမပရိစ္ဆေဒဉာဏ် ဖြစ်၏၊ နာမ်ရုပ်စုံ၍ နာမရူပပရိစ္ဆေဒ ဉာဏ် ဖြစ်တော့၏-ဟူလို။ ထို့အတူ ဉာဏ်တဆင့်တက်၍ ရပ်တယ်မှတ်သော ရှေ့စိတ်ကို နောက် ဝိပဿနာစိတ်ဖြင့် "ရပ်တယ်မှတ်-မှတ်တယ်"နာမ်ကို ပိုင်းခြား၏၊ထိုင်တယ် မှတ်သော ရှေ့စိတ်ကို နောက် ဝိပဿနာစိတ်ဖြင့် "ထိုင် တယ်မှတ်-မှတ်တယ်"ဟု-နာမ်ကို ပိုင်းခြား၏၊ အိပ်တယ် မှတ်သော ရှေ့စိတ်ကို နောက် ဝိပဿနာစိတ်ဖြင့် "အိပ် တယ်မှတ်-မှတ်တယ်"ဟု နာမ်ကို ပိုင်းခြား၏၊နာမပရိစ္ဆေဒ ဉာဏ် ဖြစ်၏-ဟူလို၊ နာမ်ရုပ်စုံ၍ နာမ ရူပ ရိစ္ဆေဒဉာဏ် ဖြစ်တော့၏။

## ခဏမလပ် ရုပ်-နာမ်ထင်ပုံအရပ်ရပ်

သွားသော ခဏ မှတ်တိုင်း မှတ်တိုင်း "သွား- သွား တယ်, သွားတယ်မှတ်-မှတ်တယ်" ဟု ယောဂီဉာဏ်မှာ

**ထင်** ၏၊ ထို့အတူ ရပ်သောခဏ ထိုင်သောခဏ အိပ်သောခဏ မှတ်တိုင်းမှတ်တိုင်း“ရပ်-ရပ်တယ်,ရပ်တယ်မှတ်-မှတ်တယ်” **ထင်** ၏၊ထိုင်-ထိုင်တယ်,ထိုင်တယ်မှတ်မှတ်တယ်,**ထင်** ၏၊ အိပ်- အိပ်တယ်, အိပ်တယ်မှတ်-မှတ်တယ်-ဟု ယောဂီဉာဏ်မှာ **ထင်** ၏၊ ယောဂီသည် ဉာဏ်အဆင့်ဆင့် တက်၍ သွားချင်သောစိတ် ဖြစ်သောခဏ မသွားမှီ သွားမည့် အစီအရင် ကိုယ်အမူအရာ ဟူသမျှကိုလည်းမှတ်၏၊မှတ်သော ရှေ့စိတ်ကိုလည်း နောက်စိတ်ဖြင့် မှတ်၏၊ထို့အတူ ရပ်ခြင်သောစိတ် ဖြစ်သောခဏ ထိုင်ခြင်သောစိတ် ဖြစ်သောခဏ,အိပ်ခြင်သောစိတ် ဖြစ်သောခဏ ခဏတိုင်း ခဏတိုင်း မရပ်မှီ ရပ်မည့် အစီအရင် ကိုယ်အမူအရာ, မထိုင်မှီ ထိုင်မည့် အစီအရင် ကိုယ်အမူအရာ, မအိပ်မှီ အိပ်မည့် အစီအရင် ကိုယ်အမူအရာ ဟူသမျှကိုလည်း မှတ်၏၊မှတ်သော ရှေ့စိတ်ကိုလည်း နောက်စိတ်ဖြင့် မှတ်၏၊ ဤသို့ မှတ်သဖြင့် နာမ်ရုပ် စုံ၍ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်လေတော့သည်။

ထို့အတူ-ခြေ-လက် ကွေးသောခဏ,ခြေ-လက် ဆန့်သောခဏ,ကိုင်သောခဏ,ယူသောခဏ, စားသောခဏ, သောက်သောခဏ,ခဲသောခဏ, လျက်သောခဏ, ကျင်ကြီးစွန့်သောခဏ,ကျင်ငယ်စွန့်သောခဏ,သွား-ရပ်-ထိုင်အိပ်သောခဏ,နိုးသောခဏ,ပြောသောခဏ, ဆိတ်ဆိတ်နေသောခဏ “ဆိတ်ဆိတ်နေ-နေတယ်, နေတယ်မှတ်-မှတ်တယ်”ဟု-ပြုပြုသမျှ အမူအရာ တိုင်း တို့၌ နာမ ရူပ

ပဋိစ္စသမုပ္ပါဒ ဉာဏ်ဖြစ်ပုံ ဆိုဘွယ်အခရပ်ရပ် နည်းယူ နား
လည်ပါလေတော့၊....ဤသည့်တို့ကား‘‘စိတ်ဖြင့်သဘော
ကို သိသောခဏ’’ အခရ ‘‘ဝိပဿနာဉာဏ် အခြေအမြစ်
မှန်သော သတိပဋ္ဌာန်များကို’’ပြဆိုသော ဝိသေသစကား
တစ်ပိုဒ်တို့တည်း။

## သမ္မာဇာ ညပမ္ဗ ဆောင်ပုဒ်

တိုး-ဆုတ်-ရှေ့-ဘေး, ကြည့်ရေး-ထို့ပြင်, ဆန့်
လျှင်-ကွေးရ,ဝတ်ကြကိုင်တွယ်,စားဘွယ်-သောက်
မျိုး,သုံးရှိုးမြှော်မြင်,ကျင်ငယ်-ကျင်ကြီး,စွန့်နည်း
မချန်,သွား-ပြန်-ရပ်-ထိုင်,ပိုင်ပိုင်-အိပ်-နိုး,ပြော
မျိုး-ဆိတ်မှု, အစုစုကို, ပြုကဆင်ခြင်, သမ္မဇဉ်ဖြင့်,
ဉာဏ်မြင်တွေးဆ,သင့်ကြောင်းကျစေ,သင့်ကထင်
မြှော်, လျော်-မလျော်တည့်, လျော်သော်မုချ,
ကျိုးမရနှင့်, အရကိုချိန်, ဉာဏ်မတိမ်စေ, မမှိန်
ထောက်ထား, စီစဉ်သွားလော့, စီးပွါးလောကီ,
အရှိ၏၊ ........ မဂ်ဆီ အရဟတ္တ, နိဗ္ဗာနတိုင်,
ရကာအကျိုး, မောက်၍ပြိုးရန်, စဉ်တိုး သတိ,
သမာဓိ နှင့်, ရှုဂေါစရ- သမ္မဇညဖြင့်, ဉာဏရှု
မြှော်, မှတ်တိုင်းပေါ်လိမ့်,အဟော်ဝတ,ကျိုးကြီး
လှသည်...၊ဗုဒ္ဓမြတ်စွာ ဟောရင်းတည်း။

## သမ္ပဇည ၄-ပါးနှင့် ဝိပဿနာ

"သမ္ပဇာနကာရီ" ပုဒ်အရ သတိသမ္ပဇဉ် ပညာဖြင့် ဆင်ခြင်သော အလေ့သဘောရှိသော ယောဂီ သည် "သမ္ပဇာနကာရီ"မည်၏၊ သတိသမ္ပဇဉ် ပညာဖြင့် ဆင်ခြင်ခြင်းသည်ကား "သမ္ပဇည"မည်၏၊ ထိုသမ္ပဇညသည် သာတ္ထကသမ္ပဇည သပ္ပါယသမ္ပဇည ဂေါစရသမ္ပဇည အသမ္မောဟသမ္ပဇညအားဖြင့် ၄-ပါးပြား၏။ ထိုတွင် သွားလိုသောစိတ်ဖြစ်သည်ရှိသော် မသွားသေးဘဲ "သွားသဖြင့် အကျိုးရှိ-မရှိ ဆင်ခြင်ပြီး၍ "အကျိုးမရှိသည်ကို ပယ်လျက် အကျိုးရှိသည်ကို ဆင်ခြင်ခြင်းသည် သာတ္ထက သမ္ပဇည မည်၏၊ သွားလိုသော စိတ်ဖြစ်သည် ရှိသော် မသွားသေးဘဲ "သွားသဖြင့် လျော်-မလျော် ဆင်ခြင် ပြီး၍" မလျော်သည်ကို ပယ်လျက် အလျော်ကိုသာ ဆင်ခြင်ခြင်းသည် သပ္ပါယသမ္ပဇည မည်၏၊ ထိုသမ္ပဇည ၂ ပါးသည် ဝိပဿနာမဟုတ်ပေ။

အဘယ်ကြောင့် ဝိပဿနာ မဟုတ်သနည်း-ဟု မေး၊ အဖြေကား-မသွားမီက "သွား-သွားသော်"- ဟု မှတ်သော်လည်း သွားသော ဣရိယာပုထ် မဖြစ်သေးသောကြောင့် ဝိပဿနာမဟုတ်ပေ။

## ဂေါစရသမ္ပဇညသာ ဝိပဿနာ

မသွားမီက အကျိုးရှိသည် လျော်သည်ကို ဆင်ခြင်ပြီး၍ သွားသောခဏ "သွား-သွားတယ်"ဟု အမှတ်ပြု

ခြင်းသည် ဂေါစရသမ္ပဇဉ်မည်၏၊ ထိုဂေါစရ သမ္ပဇဉ်သည် မသွားခါကလည်း မဟုတ်, သွားပြီးမှလည်း မဟုတ်၊ သွားသောခဏ သွားသော ဣရိယာပုထ် ရုပ်ကမ္မဋ္ဌာန်း အာရုံကို သွား- သွားတယ်-ဟု ''ယထာဘူတ- ဟုတ်သောအတိုင်း''အမှတ်ပြုသောကြောင့် ဝိပဿနာ ဇောန် ဟုတ်၏၊

**ဆက်ဦးအံ့—** သွားသောခဏ သွားသော ဣရိယာပုထ် ရုပ်ကမ္မဋ္ဌာန်းအာရုံကို သွား-သွားတယ်-ဟု ''ဟုတ်သောအတိုင်း'' အမှတ်ပြုသော ဤနည်းဖြင့် **ရုပ်** ကိုသိမှတ်ပိုင်းခြားပါ များ၍ **နာမ်** ကို ပိုင်းခြားသောဉာဏ် တဆင့်တက်သည်ရှိသော် သွားသောဣရိယာပုထ် **ရုပ်**ကို''သွား-သွားတယ်'' မှတ်၏ တဆင့် သွားတယ်မှတ်သော ရှေ့ **စိတ်** ကို''သွားတယ်မှတ်-မှတ်တယ်''ဟု နောက် ဝိပဿနာစိတ်ဖြင့် မှတ်၏။

**ထင်ရှားစေဦးအံ့—** သွားသောခဏ သွားသော ဣရိယာပုထ်သည် သွား-သွားတယ်-ဟု မှတ်သော ပထမရုပ်ကို ပိုင်းခြားသောဉာဏ်၏ အာရုံဖြစ်၏၊ မှတ်ပြီးသောခဏ သွား-သွားတယ်မှတ်သော စိတ်သည် သွားတယ်မှတ်-မှတ်တယ်-ဟု မှတ်သော ဒုတိယနာမ်ကို ပိုင်းခြားသော ဉာဏ်၏ အာရုံဖြစ်၏၊ ပထမရုပ်ကို ပိုင်းခြားသောဉာဏ်၏ အာရုံပင်ဖြစ်စေ, ဒုတိယနာမ်ကို ပိုင်းခြားသော ဉာဏ်၏ အာရုံပင်ဖြစ်စေ ဖြစ်သောခဏ ဤနည်းချည်းပင် ရုပ် နာမ်

ဟူသမျှသည့် သိမှတ်ပိုင်းခြား အားထုတ်သော ဝိပဿနာ ဘာဝနာမှုတိုင်း၏ ဘည့်ရာ ဖြစ်သောကြောင့် "ကမ္မဋ္ဌာန"မည်၏၊ ဖြစ်သောခဏ ဤနည်းချည်းပင် ရုပ်နာမ်ဟူသမျှသည် ဝိပဿနာ ဘာဝနာ၏ အာရုံဖြစ်သောကြောင့် ဂေါစရမည်၏၊ ဖြစ်သောခဏ ဤနည်းချည်းပင် ရုပ်နာမ်ဟူသမျှကိုအသိအမှတ်ပြုခြင်းသည် ဂေါစရသမ္ပဇဉ်မည်၏။

ဇာဂရိယာပုတ် တပါး၊ တပါးပါး ဖြစ်သောခဏ, ကိုယ်မှု နှုတ်မှု စိတ်မှု တခုခုဖြစ်သောခဏ ဤနည်းချည်းပင် ရုပ်နာမ်ဟူသမျှကို မလစ်မလပ် ဉာဏ်အစဉ် မပြတ်အောင် အသိအမှတ်ပြုသော ဂေါစရသမ္ပဇဉ်သည်သာလျှင် ဝိပဿနာ အထွတ်အထိပ်သို့ ရောက်၏။

## အသမ္မောဟ သမ္ပဇဉ်ဖြင့်ဆင်ခြင်ပုံ

ဗျာန်နေ့ခင် မဂ်ဖိုလ်နေ့ခင် မှာသာ ပစ္စဝေက္ခဏာဉာဏ် ကျသည်မဟုတ်သေး, နာမရူပ ပရိစ္ဆေဒဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ် အဆုံးရှိသော ဂေါစရသမ္ပဇဉ် ဝိပဿနာ ၁၁-ပါးတို့တွင် တပါးပါးသော ဝိပဿနာဉာဏ် တဘက်ကမ်းသို့ ရောက်သည်ရှိသော် တဘက်ကမ်းသို့ ရောက်သော ဝိပဿနာဉာဏ်၏ အဆုံး အဆုံး ဝိပဿနာ၏အာရုံ (ရုပ်နာမ်-ခန္ဓာ-အာယတန-ဓါတ်-ပစ္စည်း) ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်လည်း ကျ၏။ ဤ ပစ္စဝေက္ခဏာ ဉာဏ်သည် ဝိပဿနာနေ့ခင် မတွေမဝေ ဆင်ခြင်သည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် အသမ္မောဟ သမ္ပဇဉ် မည်၏။

ထင်ရှားစေဦးအံ့— မသွားမီကလည်း မဟုတ်, သွား ပြီးမှ လည်း မဟုတ်ဘဲ သွားသောခဏ "သွား-သွားတယ်, သွားဘယ်မှတ်-မှတ်တယ်"-ဟု ဤနည်းဖြင့် အကြိမ်ကြိမ် အခါခါ သိမှတ်ပိုင်းခြားပါများ၍ ဉာဏ်အဆင့်ဆင့် တက် သည်ရှိသော် "သွား-သွားတယ်, သွားတယ်မှတ်-မှတ် တယ်"-ဟု ရုပ်နာမ်အစုံကို သိမှတ်ပိုင်းခြားသော ဂေါစရ သမ္ပဇဉ် ဝိပဿနာ၏ အဆုံးအဆုံး သွားဆိုဒါက "ကိုယ် တရွေ့ရွေ့ ရွေ့ဒါဘဲ, ကိုယ်တရွေ့ရွေ့ ရွေ့ဒါက ကိုယ် လှုပ်ရှားလို့ဘဲ, ကိုယ် လှုပ်ရှားဒါက သွားချင်လို့ဘဲ, သွား ချင်ဒါက စိတ်ဘဲ သွားချင်လို့ ကိုယ် လှုပ်ရှားတော့ ကိုယ် တရွေ့ရွေ့ ရွေ့ဒါ ကိုပင် သွားတယ်လို့ ဆိုရဒါဘဲ"-ဟု ဆင်ခြင် တတ် လေ သည်။ ထိုသို့ ဆင်ခြင် ခြင်း သည် အသမ္မောဟ သမ္ပဇဉ်မည်၏။ ဤ အသမ္မောဟ သမ္ပဇဉ် သည် ဝိပဿနာ မဟုတ်ပေ။

အဘယ်ကြောင့် ဝိပဿနာ မဟုတ်သနည်း-ဟု မေး၊ အဖြေကား-သွားပြီးနောက် သွားသောသဘောဆတ်ဆတ် ပရမတ်ကိုလွှတ် ပညတ်သို့တင် "သွားခြင်လို့ ကိုယ်လှုပ် ရှားတော့ ကိုယ် တရွေ့ရွေ့ ရွေ့ဒါကိုပင် သွားတယ်လို့ ဆိုရဒါဘဲ"-ဟု လောကဝေါဟာရ အမည်နာမ ထင် အောင် ဆင်ခြင်သောကြောင့် အသမ္မောဟ သမ္ပဇဉ်သည် ဝိပဿနာ မဟုတ်ပေ။

## ဝိပဿနာမှ လွတ်သောစိတ် ၅-မျိုး

ဆိုခဲ့ပြီးသော စကားအရ "ရုပ်နာမ် အစုံကို ပိုင်းခြား

သော ဂေါစရသမ္ပဇဉ် ဝိပဿနာ၏အဆုံးအဆုံး ဂေါစရ
သမ္ပဇဉ် ဝိပဿနာ၏ အာရုံ (ရုပ်ကမ္မဋ္ဌာန်း- နာမ်ကမ္မ
ဋ္ဌာန်း)ကို ဉာဏ်အဆင့်ဆင့် တက်၍ ဝိပဿနာ၏ တဘက်
ကမ်းသို့ ရောက်အောင် ဆင်ခြင်နိုင်မှသာ အသမ္မောဟ
သမ္ပဇဉ်'' ဟု သိသာထင်ရှားပြီး ယင်းသို့ သိသာထင်
ရှားသဖြင့်''ဂေါစရသမ္ပဇဉ် ဝိပဿနာ မပါဘဲ သာမည
ရုပ်နာမ်ကို အမြင်သန်အောင် ဆင်ခြင်လျှင် အသမ္မောဟ
သမ္ပဇဉ် ဝိပဿနာပင် ဖြစ်၏''ဟု လည်း မဟုတ်မမှန်ကို
မကြံဆသာပြီ။

ထိုစကားမှန်၏-ပါဠိ-အဋ္ဌကထာ-ဋီကာ-ဒီပနီ ကျမ်း
အလီလီ လာတိုင်း ''ဂေါစရသမ္ပဇဉ် ဝိပဿနာ မဖြစ်
မပါဘဲ **ဘာသာအလျောက် ရုပ်နာမ်ကောက်၍** ဆင်
ခြင်လျှင် အသမ္မောဟသမ္ပဇဉ် ဝိပဿနာပင်တည်း''ဟု-
ယုံကြည်ကာမျှကို ''အညတြ သဒ္ဓါယ''ပုဒ်ဖြင့် ပယ်အပ်
ပြီ- နှစ်သက်သဘောကျ အာသာဆန္ဒ အလိုရှိကာ မျှကို
''အညတြ ရုစိယာ'' ပုဒ်ဖြင့် ပယ်အပ်ပြီ၊-သင် အံ လေ့
ကျက် နှုတ်တက် ရွရွ ကြားရ,နာရ သုတမယ ဉာဏ်ဖြင့်
ဆင်ခြင်လျှင် အသမ္မောဟသမ္ပဇဉ် အထင်အမြင်ကို''အည
တြ အနုဿဝါ''ပုဒ်ဖြင့် ပယ်အပ်ပြီ၊-ရုပ်နာမ် အခြင်းအရာ
ကို ဆင်ခြင်လျှင် အသမ္မောဟသမ္ပဇဉ် အထင်အမြင်ကို
''အညတြ အာကာရပရိဝိတက္ကာ''ပုဒ်ဖြင့် ပယ်အပ်ပြီ၊-
အဟုတ်အမှန် ရဟန္တာအရှင်မြတ်တို့၏ ဉာဏ်လို ယထာ
ဘူတ စိန္တာမယဉာဏ်ဖြင့် ဆင်ခြင်လျှင် အသမ္မောဟသမ္ပ

ဇဉ် အထင်အမြင်ကို " အညတြ ဒိဋ္ဌိနိဇ္ဈာနခန္တိယာ " ပုဒ်ဖြင့် ပယ်အပ်ပြီ။

**အချုပ်စကားမှာ—**"သဒ္ဓါ- ရုစိ- အနုဿဝ- အာကာရပရိဝိတက္က-ဒိဋ္ဌိနိဇ္ဈာနခန္တိ"ဤ ၅-လီဋ္ဌာန ဆင်ခြင်သော ဉာဏ်မျှသည် ဂေါစရသမ္ပဇည ဝိပဿနာလည်း မဟုတ်, အသမ္မောဟသမ္ပဇညလည်း မဟုတ်,ဝိပဿနာ၏ အနီးအနားမျှ မကပ်, **ပရိယတ်** အခံရှိလျှင် ဒေသနာသံ နာခံသူ အပေါင်းမှာ ဖြစ်ကောင်း ဖြစ်တတ်သော ဉာဏ်များသာဖြစ်၍ **"ဝိပဿနာ ဝိမုတ်စိတ် ၅-ပါး"** ဟု မှတ်ယူအပ်၏။

## ခဏသန္တတိအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ

ဆိုခဲ့ပြီးသော စကားအရ " အသမ္မောဟ သမ္ပဇညသည် ဂေါစရသမ္ပဇည၏ တဘက်ကမ်းသို့ရောက် နောက်မှ ဖြစ်၏၊ ဂေါစရသမ္ပဇညကား ရှေးဦးစွာဖြစ်၏".ဟု-သိသာပြီ၊ ထို ဂေါစရသမ္ပဇညသည်လည်း ရုပ်ကို ပိုင်းခြားသောဉာဏ် နာမ်ကို ပိုင်းခြားသော ဉာဏ်အားဖြင့် ၂-ပါးရှိ၏၊ ထိုတွင်-ရုပ်ကို ပိုင်းခြားသောဉာဏ်သည် ရှေးဦးစွာဖြစ်၏၊ နာမ်ကို ပိုင်းခြားသောဉာဏ်သည် နောက်မှ ဖြစ်၏၊ ရုပ်ကို ပိုင်းခြားသော ဉာဏ်သည်လည်း ခဏကာလအားဖြင့် ရုပ်ကို ပိုင်းခြားသောဉာဏ်, သန္တတိကာလအားဖြင့် ရုပ်ကို ပိုင်းခြားသော ဉာဏ်အားဖြင့် ၂-ပါး ရှိပြန်၏၊- နာမ်ကို ပိုင်းခြားသော ဉာဏ်သည်ကား သန္တတိကာလအားဖြင့် နာမ်ကို ပိုင်းခြားသောဉာဏ် ၁-ပါးသာရှိ၏။

ထင်ရှားစေဦးအံ့–ဖြစ်ဆဲ ဖြစ်ဆဲသော နာမ်ရုပ်သည် ခဏကာလမည်၏၊ ဖြစ်ပြီး၍ တစိတ် ၂-စိတ် လွန်ပြီးသော နာမ်ရုပ်သည် သန္တတိကာလမည်၏၊-ထိုခဏကာလ သန္တတိကာလ ၂-ပါးတို့တွင် တစိတ်၏ အတွင်း၌ဖြစ်သော ရုပ်ကို တစိတ်၏အတွင်း၌ပင်ဖြစ်သော ပထမစိတ် ဇောကာလဖြင့် ပိုင်းခြားခြင်းသည် ခဏကာလအားဖြင့် ရုပ်ကို ပိုင်းခြားခြင်း ပင်တည်း၊- [ရူပ်ဒွိယသံဝရနှင့် အခါရမ္မဏာ ပုရေဇာတ-ဝဏ္ဏာရမ္မဏာ ပုရေဇာတကို ထောက်။] ဖြစ်ပြီး၍ တစိတ်လွန်, ၂-စိတ်လွန်သော ရုပ်ကို ဒုတိယစိတ် ဇောကာလ, တတိယစိတ် ဇောကာလဖြင့် ပိုင်းခြားခြင်းသည်ကား သန္တတိကာလ အားဖြင့် ရုပ်ကို ပိုင်းခြားခြင်းပင်တည်း၊ ပထမစိတ် ဇောကာလဖြင့် ရုပ်ကိုပိုင်းခြား, ဒုတိယစိတ် ဇောကာလဖြင့် ရုပ်ကိုပိုင်းခြား, တတိယစိတ် ဇောကာလဖြင့် ရုပ်ကို ပိုင်းခြားသော "စိတ်"ကို စတုတ္ထစိတ် ဇောကာလဖြင့် ပိုင်းခြားခြင်းသည်ကား သန္တတိကာလ အားဖြင့် နာမ်ကို ပိုင်းခြားခြင်းပင်တည်း။

## ဝိညာဏ်နှင့် ဝိညာဏ်၏အာရုံ

ဖြစ်သောခဏ စက္ခုဝိညာဏ် မြင်၏၊ ကြားသောခဏ သောတဝိညာဏ် ကြား၏၊ နံသောခဏ ဃာနဝိညာဏ် နံ၏၊ စားသောခဏ ဇိဝှါဝိညာဏ် စား၏၊ ထိသောခဏ ကာယဝိညာဏ် ထိ၏၊ သိသောခဏ မနောဒွါရာဝဇ္ဇန်း ဟူသော မနောဝိညာဏ် သိ၏၊ ဤမြင်ခြင်း ကြားခြင်း နံခြင်း စားခြင်း ထိခြင်း သိခြင်းသည် ဝိပါက်ကြိယာ စိတ်

မျှသာ ဖြစ်သောကြောင့် ပုဗ္ဗဂ်မပဓါနအားဖြင့်ကိလေသာနှင့် မယှဉ်သော "ဝိညာဏ်" မည်၏။

မြင်သော စက္ခုဝိညာဏ်၏ အာရုံ၊အဆင်း,ကြားသောသောတဝိညာဏ်၏ အာရုံ အသံ,နံသော ဃာနဝိညာဏ်၏ အာရုံ အနံ့, စားသော ဇိဝှါဝိညာဏ်၏ အာရုံ အရသာ, ထိသော ကာယဝိညာဏ်၏ အာရုံ အတွေ့၊သိသော မနောဝိညာဏ်၏ အာရုံ သဘော၊ ဤအဆင်း အသံ၊ အနံ့ အရသာ အတွေ့ သဘောသည် ပညတ်နှင့် မရောမစပ် ပရမတ်ဆတ်ဆတ် ဖြစ်သောကြောင့် ကိလေသာနှင့် မယှဉ်သော "ဝိညာဏ်၏ အာရုံ"= (ရုပ်သက်သက် နာမ်သက်သက်) မည်၏။

## ကိလေသာအာရုံ မထင်ပုံ

မြင်သောခဏ ဇောကာလ မှတ်သောခဏ မြင်-မြင်တယ် မှတ်ခြင်းသည် ဝိညာဏ်၏ အာရုံ (ရုပ်သက်သက်-နာမ်သက်သက်) မျှသာ ထင်သောကြောင့် ပညတ်နှင့် မရောမစပ် ပရမတ်ဆတ်ဆတ် ကိလေသာနှင့် မယှဉ်၍ ကိလေသာ၏ အာရုံ (ပုဂ္ဂိုလ်-သတ္တဝါ- ငါ- သူတပါး-ယောကျ်ား-မိန်းမ) မထင်သည် မည်၏၊ ထို့အတူ ကြားသော ခဏ ဇောကာလ မှတ်သော ခဏ ကြား- ကြားတယ်,နံသောခဏ ဇောကာလ မှတ်သောခဏ နံ-နံတယ် စားသောခဏ ဇောကာလ မှတ်သောခဏ စား-စားတယ်, ထိသောခဏ ဇောကာလ မှတ်သောခဏ ထိ-ထိတယ်, သိသောခဏ ဇောကာလ မှတ်သောခဏ သိ-

သိတယ်မှတ်ခြင်းသည် ဝိညာဏ်၏အာရုံ(ရုပ်သက်သက် နာမ်သက်သက်) မျှသာ ထင်သော ကြောင့် ပညတ်နှင့် မရောမစပ် ပရမတ်ဆတ်ဆတ် ကိလေသာနှင့် မယှဉ်၍ ကိလေသာ၏ အာရုံ (ပုဂ္ဂိုလ်- သတ္တဝါ- ငါ- သူတပါး- ယောကျ်ား-မိန်းမ)မထင်သည် မည်၏။

[ကိလေသာ အကုသိုလ်ဟူသမျှသည်လည်း မုချဆတ်ဆတ် ပရမတ် မှန်၏၊ မှန်သော်လည်း ထိုကိလေသာ အကုသိုလ်ဟူသမျှသည် မိန်းမ၊ ယောကျ်ား စသည် အမှတ် ပညတ်မထင်ဘဲ မဖြစ်နိုင်, ပညတ် ထင်မှသာ ဖြစ်နိုင်၏-ဟုမှတ်။]

## ဝိပဿနာ မှန်-မမှန်

[ဆောင်]။ ။ဝိပဿနာ မှန်လျှင် ဝိညာဏ်၏ အာရုံသာ ထင်၏, ကိလေသာ၏ အာရုံ မထင်၊ ဝိပဿနာ မမှန်လျှင် ကိလေသာ၏ အာရုံသာ ထင်၏, ဝိညာဏ်၏ အာရုံ မထင်၊ ဝိညာဏ်၏ အာရုံကား ရုပ်သက်သက် နာမ်သက်သက် ပရမတ်တည်း ကိလေသာ၏ အာရုံကား ပုဂ္ဂိုလ်သတ္တဝါ ပညတ်တည်း။

ထိုစကားမှန်၏—ဝိညာဏ်ဖြင့် သိသောခဏ မည်သူမသိ ဝိညာဏ်၏ အာရုံ တူမျှကြ၏၊ ဇောကာလ မှတ်သောခဏ အာရုံမတူကြချေ။ ထင်ရှားစေအံ့- သွားသော ခဏ ခွေး-မြေခွေး အစရှိသော အန္ဓဗာလ ပုထုဇဉ်တို့သည်လည်း သွားသော ရုပ်သက်သက်ကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း ဟူသော မနောဝိညာဏ်ဖြင့် "သွား-သွား

တယ်"–ဟု သိကြကုန်၏၊ မှတ်သောခဏ ဓာကာလဋ္ဌာကား ကိလေသာ၏ အာရုံဖြစ်သော သွားသော သတ္တဝါကို အာရုံပြု၍ "ငါးသွား–ငါးသွားတယ်"–ဟု အထင်ဖြင့် မှတ်ကြကုန်၏၊ မှတ်သော အတိုင်းလည်း ပြောဆိုကြကုန်၏၊ ဝိညာဏ်၏ အာရုံ (ဓာကာလဋ္ဌာ)မထင်ကုန်။

သွားသောခဏ ယောဂီ ပုဂ္ဂိုလ် တို့သည်လည်း သွားသော ရုပ်သက်သက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ်ဖြင့်"သွား–သွားတယ်"ဟု သိကြကုန်၏၊ မှတ်သောခဏ ဓာကာလဋ္ဌာလည်း ဝိညာဏ်၏ အာရုံဖြစ်သော သွားသော ရုပ်သက်သက်ကိုပင် အာရုံပြု၍ "သွား–သွားတယ်"ဟု အသိဖြင့် မှတ်ကြကုန်၏၊ မှတ်သောအတိုင်းသာ ပြောဆိုကြကုန်၏။ ကိလေသာ၏ အာရုံ (ဓာကာလဋ္ဌာ) မထင်ကုန်၊ ထို့ကြောင့် ဝိညာဏ်ဖြင့် သိသောခဏ မည်သူမဆို ဝိညာဏ်၏ အာရုံ တူမျှကြ၏၊ မှတ်သောခဏ ဓာကာလဋ္ဌာအာရုံ မတူကြပေ။ ထို့ကြောင့် အစရှေးဦး ဉာဏ်ပင်ဖြစ်သော်လည်း "ဝိပဿနာ မှန်လျှင် ဝိညာဏ်၏ အာရုံသာ ထင်၏၊ ကိလေသာ၏ အာရုံ မထင်"–ဟု ဆိုခဲ့ပေသတည်း။ [ ဤနိဒဿန (သွားသောခဏ)နည်းဖြင့် ဖြေဆိုပုံကို မှတ်သား၍ ခဏအလုံးစုံ အတွက် နည်းယူလျက် ချဲ့ထွင်နားလည်ပါလေတော့။ ]

**ဆက်ဦးအံ့**—ဝိပါက်ဝိညာဏ် ကြိယာဝိညာဏ်သည် ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ ဝိညာဏ်မည်၏၊ ဖြစ်ဆဲ

သော ရုပ်နာမ်သည် ကိလေသာ၏ အာရုံ မဟုတ်သည်ဖြစ်၍ ဝိညာဏ်၏ အာရုံ မည်၏၊ ဝိပါက်ဝိညာဏ် ကြိယာဝိညာဏ်ဖြင့် သိသောခဏ မည်သည့်ပုဂ္ဂိုလ်မဆို ဖြစ်ဆဲသော ရုပ်နာမ်ကို အာရုံပြု၍ "အာရုံဖြစ်သော သဘောကား **ရုပ်**, အာရုံပြုသော သဘောကား **နာမ်**"- ဟု ဝိညာဏ်ဖြင့်သိကြကုန်၏၊သိသော်လည်း ဝိပါက်ဝိညာဏ် ကြိယာဝိညာဏ် သိရုံမျှသာဖြစ်၍ နာမ်ရုပ်အပိုင်းအခြားလည်း မဖြစ်သေး၊ ဝိပဿနာလည်း မဟုတ်သေး၊ မှတ်သောခဏ ဇောကာလ ဝိပဿနာကို အားမထုတ်သော ခွေး-မြေခွေး အစရှိသော အန္ဓဗာလ ပုထုဇဉ် တို့သည် ကိလေသာ၏ အာရုံဖြစ်သော သတ္တဝါကိုသာ အာရုံပြု၍ ဖြစ်ဆဲသော ရုပ်နာမ်ကိုပင် "ပုဂ္ဂိုလ်- သတ္တဝါ- ငါ-သူ တပါး- ယောကျ်ား- မိန်းမ"- ဟု ထင်မှတ်ကြ ကုန်၏၊ ဝိညာဏ်၏အာရုံလည်း မထင်ပေ၊ဝိပဿနာလည်းမဟုတ်ပေ။

မှတ်**သောခဏ** ဇောကာလ ဝိပဿနာကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည် ဝိညာဏ်၏ အာရုံဖြစ်သော ဖြစ်ဆဲသော ရုပ်နာမ်ကိုသာ အာရုံပြု၍ "အာရုံဖြစ်သော သဘောကား **ရုပ်**,အာရုံပြုသော သဘောကား **နာမ်**"- ဟု သိမှတ်ပိုင်းခြား၏၊ ကိလေသာ၏ **အာရုံလည်း** မထင်ချေ၊ နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၏၊ ဝိပဿနာလည်း ဟုတ်၏။

## ဒိဋ္ဌိဝိသုဒ္ဓိ အရေး

ဤသို့ ဆိုခဲ့ပြီးသော အတိုင်း ဓောကာလ မှတ်သော ခဏာ ဝိပဿနာလည်းမဟုတ်, နာမ်ရုပ်အပိုင်းအခြားလည်း မဖြစ်, ဝိညာဏ်၏ အာရုံလည်းမထင်, ကိလေသာ၏ အာရုံ ဖြစ်သော သတ္တဝါကိုသာ အာရုံပြု၍ "ဖြစ်ဆဲသော နာမ် ရုပ်ကိုပင် ပုဂ္ဂိုလ်-သတ္တဝါ- ငါ- သူတပါး- ယောကျ်ား- မိန်းမ"-ဟု ထင်မှတ်သော ဝိပဿနာကို အားမထုတ် သော ခွေး-မြေခွေး အစရှိသော အန္ဓဗာလ ပုထုဇဉ်တို့ ၏ အထင်အမှတ်ကို ပယ်ရှားလျက်....ဓောကာလ မှတ် သော ခဏာ ဝိပဿနာလည်း ဟုတ်, နာမ်ရုပ် အပိုင်း အခြား လည်းဖြစ်, ကိလေသာ၏ အာရုံလည်းမထင်, ဝိညာဏ်၏ အာရုံဖြစ်သော ဖြစ်ဆဲသော နာမ်ရုပ်ကိုသာ အာရုံပြု၍ "အာရုံဖြစ်သောသဘောကား **ရုပ်**, အာရုံပြုသော သဘော ကား **နာမ်**"-ဟု သိမှတ်ပိုင်းခြားသော နည်းဖြင့် **သိမှတ် ပိုင်းခြားပါ များလတ်သော်....**

နာမ်ရုပ်မှ တပါး ပုဂ္ဂိုလ်- သတ္တဝါ- ငါ- သူတပါး- ယောကျ်ား-မိန်းမ မရှိဟု သေသေချာချာ ဂဂနန ယယမိမိ မှုချကေန် အမှန်သိ၍....ထင်မိထင်ရာ သတ္တသညာ တွေ ဝေသော **သမ္မောဟ** ကိလေသာကို လွှမ်းမိုးနှိပ်စက် ဖျက် ဆီးလျက် သတ္တသညာရှင်းလင်း တွေဝေခြင်း ကင်းသော အသမ္မောဟ ဘိုဏ္ဍ တည်သော နာမ်ရုပ်ကိုဟုတ်သော အ တိုင်း သိမြင်သော ယောဂီ၏ **ဉာဏ်** သည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

[**မဟာဋီကာရှင်ကား**]- အတ္တဒိဋ္ဌိ အပြစ်အကြေးမှ ကင်းဝေး စင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏-ဟု''အကြောင်းကို''ပြတော်မူ၏။ ထိုသို့အကြောင်း ပြသဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ပုဒ်တွင် ရှိသော ဒိဋ္ဌိမှာ (မဟာဋီကာရှင်အလို) မိစ္ဆာဒိဋ္ဌိ ဖြစ်လေတော့သည်၊ ယင်းသို့ ဖြစ်သော် သီလဝိသုဒ္ဓိတွင်ရှိ-သီလမှာလည်း မိစ္ဆာသီလ ဖြစ်လေရာ၏၊ စိတ္တဝိသုဒ္ဓိတွင်ရှိ စိတ်မှာလည်း မိစ္ဆာစိတ်ဖြစ်လေရာ၏၊ ဉာဏဒဿန ဝိသုဒ္ဓိတွင်ရှိ ဉာဏဒဿနမှာလည်း မိစ္ဆာဉာဏဒဿန ဖြစ်လေရာ၏။ ထိုကြောင့် ဤ''မဇ္ဈိမပဋိပဒါ'' စာတမ်း၌ မဟာဋီကာရှင်၏ အလိုတော်သို့ မလိုက်ဘဲ ''ဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏'' ဟူသော ဆိုလိုက်ရပေသည်။]

**ဆက်ဦးအံ့—** ဒိဋ္ဌိဝိသုဒ္ဓိမည်သည် ဒိဋ္ဌိမှ စင်ကြယ်ခြင်းကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ မည်သောဟူ၍၊ အဘယ်ဒိဋ္ဌိမှ စင်ကြယ်ပါသနည်း-ဟု မေး၊ အဖြေကား- သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်ပါသည်။

အဘယ်ကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်ပါသနည်း- ဟု မေး၊ အဖြေကား— နာမ်ရုပ်ကို သိခြင်းကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်ပါသည်။

## သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ

နာမ်ရုပ်ကို သိခြင်းကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒိဋ္ဌိမှ စင်ကြယ်၏ ဟူသော စကားဖြင့် နာမ်ရုပ်ကို မသိခြင်းကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏ ဟူသော အနက်အဓိပ္ပါယ်သည် မဆိုဘဲပြီး၏။

**အ**ဘယ်သို့လျှင် နာမ်ရုပ်ကိုမသိခြင်းကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါသနည်း-ဟု မေး၊ အဖြေကား—

ဤလောက၌ နာမ်ရုပ်သာရှိ၏ အာရုံပြုသော သဘောကား နာမ်, အာရုံဖြစ်သော သဘောကားရုပ်ဟု ရှုမှတ်ပိုင်းခြားသော ဉာဏ်ဖြင့် နာမ်ရုပ်ကို မသိခြင်းကြောင့် နာမ်ရုပ်ကို ပယ်၍ ဤလောက၌ (ပုဂ္ဂိုလ်-သတ္တဝါ- ငါ- သူတပါး- ယောကျ်ား- မိန်းမ ဟူသည့်ကား ခေါ်ဝေါ် ပြောဆိုရုံမျှ ဝေါဟာရ ပညတ်မျှသာ ဖြစ်၍ ဘာမျှမရှိဘဲလျက်) ပုဂ္ဂိုလ် သတ္တဝါ-ငါ-သူတပါး-ယောကျ်ား-မိန်းမ-ရှိ၏ ဟု ယူမှား၏၊ ထိုအယူသည်ကား ပုဂ္ဂိုလ်- သတ္တဝါ-ငါ- သူတပါး- ယောကျ်ား-မိန်းမ မကျိုး မပဲ့ မရွဲ့မကန်း မသန်းမဝေ မအို မသေ ဟု ယူမှားသော အားဖြင့် ရှိသောသတ္တဝါ သေလျှင် သတ္တဝါ၊အစဉ်အဆက် မြဲ၏ဟု ယူမှားခြင်းကြောင့် သဿတ ဒိဋ္ဌိ ဖြစ်၏ .... ပုဂ္ဂိုလ်- သတ္တဝါ- ငါ- သူတပါး- ယောကျ်ား-မိန်းမ ကျိုးကျိုး ပဲ့ပဲ့ ရွဲ့ရွဲ့ ကန်းကန်း သန်းသန်း ဝေဝေ သေလည်း သေ၏-ဟု ယူမှားသော အားဖြင့် ရှိသော သတ္တဝါ သေလျှင် သတ္တဝါ အစဉ်အဆက် ပြတ်၏-ဟု ယူမှားခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏။

ယောပနေ၊ တံ ယထာဘူတဒဿနံ ပဟာယ သတ္တော အတ္ထီတိ ဂဏှာတိ၊ သော တဿ ဝိနာသံ အနုဇာနေယျ, အဝိနာသံဝါ၊ အဝိနာသံ အနုဇာနန္တော သဿတေ ပတတိ၊ ဝိနာသံ၊ အနုဇာနန္တော ဥစ္ဆေဒ ပတတိ။....... ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ။

ယောပန– အကြင် သူသည်ကား၊ တံ ယထာဘူတ ဒဿနံ၊ ထိုသို့ ဟုတ်သော အတိုင်း (နာမ်ရုပ်ကို) သိမြင်

ခြင်းကို၊ ပဟာယ-ပယ်၍၊ သတ္တောအနတ္ထိတိ ဂဏှာတိ- သတ္တဝါ ရှိ၏ ဟု ယူမှား၏၊ သော- ထို ယူမှား သူသည်၊ တဿ ဝိနာသံဝါ အနုဇာနေယျ- ထိုသတ္တဝါ ပျက်စီးခြင်း ကိုလည်း ခွင့်ပြုရာကြ၏၊တဿ အဝိနာသံဝါ-ထို သတ္တဝါ မပျက်စီးခြင်းကိုလည်း ခွင့်ပြုရာကြ၏၊ အဝိနာသံ အနုဇာ နန္တော- မပျက်စီးခြင်းကို ခွင့်ပြုသည် ရှိသော်၊ သဿတေ ပတတိ- သဿတဒိဋ္ဌိ၌ ကျရောက်၏။ ဝိနာသံ အနု ဇာ နန္တော၊ ပျက်စီး ခြင်းကို ခွင့် ပြုသည် ရှိသော်၊ ဥစ္ဆေဒ ပတတိ-ဥစ္ဆေဒဒိဋ္ဌိ၌ ကျရောက်၏။

ထိုစကားမှန်၏= သဿတဒိဋ္ဌိ၌ ကျရောက် သည် ရှိ သော် ဘဝ၌ မွေ့လျော် ပျော်ရွှင်လျက် ''ဖြစ်သော ရုပ် နာမ်ကိုပင် ငါဟူသော သတ္တဝါ ထင်မှတ်သဖြင့်''မကျွတ် ဘဲနေသော ''ဩလီယန္တိ=ကျန်ရစ်သူ'' ဖြစ်လေတော့၏။ ဥစ္ဆေဒဒိဋ္ဌိ၌ ကျရောက်သည် ရှိသော် ဘဝ၌ ပျင်းရိ ငြီး ငွေ့ မမွေ့မလျော် မပျော်မရွှင် ''ဖြစ်သော ရုပ်နာမ်ကိုပင် ငါဟူသော သတ္တဝါ ထင်မှတ်လျက် သေသည်မှ နောက် မဖြစ်ဟု ထင်မှတ်သဖြင့်''ဘဝကင်းပြတ်ခြင်းကို နှစ်သက် ယုံကြည်သော ''အတိဓာဝန္တိ=လွန်ပြေးသည့်သူ''ဖြစ်လေ တော့၏။

ချုပ်ဦးအံ့—ပရမတ္ထအာ ဖြင့် ထင်ရှားရှိသော ခန္ဓာငါး ပါး အပေါင်း၌ ယူမှားသော သက္ကာယဒိဋ္ဌိသည် ဥစ္ဆေဒ ဒိဋ္ဌိ ငါးပါး၊ သဿတဒိဋ္ဌိ ၁၅-ပါး အားဖြင့် ၂၀-အပြား ရှိ၏။ [သ=ပရမတ္ထ အားဖြင့် ထင်ရှားရှိသော+ ကာယ- ခန္ဓာ ၅-ပါး အပေါင်း၌+ဒိဋ္ဌိ=ယူမှားခြင်း၊]

## သင်္ကာယဒိဋ္ဌိ ၂၀

၁။ (တောက်လောင်သော ဆီမီး၏ မီးလျှံနှင့် မီးရောင်ကို ထပ်တူရှုမိသကဲ့သို့)ရုပ်ကိုငါဟုရှုမိ၏၊ ၂။ (သစ်ပင်ကို အရိပ်ဟုရှုမိသကဲ့သို့)ရုပ်ရှိသော ခန္ဓာကို ငါဟု ရှုမိ၏၊ ၃။ (ပန်း၌ အနံ့ဟု ရှုမိ သကဲ့သို့) ငါ၌ ရုပ်ဟု ရှုမိ၏၊ ၄။ (ကြုပ်၌ မြကို ရှုမိ သကဲ့သို့) ရုပ်၌ ငါဟု ရှုမိ၏။ ဤနည်းအတူ ဝေဒနာ၌ ၄-ပါး, သညာ၌ ၄-ပါး, သင်္ခါရ၌ ၄-ပါး, ဝိညာဏ်၌ ၄-ပါး အားဖြင့် သင်္ကာယဒိဋ္ဌိ ၂၀-ဖြစ်လေတော့သည်။ ထို ၂၀-တို့တွင် ရုပ်ကို ငါဟု,ဝေဒနာကို ငါဟု, သညာကို ငါဟု, သင်္ခါရတို့ကို ငါဟု စိတ်ကို ငါဟု ရှုမိပုံ ၅-မျိုးကို ဥစ္ဆေဒ ဒိဋ္ဌိဟု ဟောတော်မူ၏၊ ကြွင်းသော ရှုမိပုံ ၁၅-မျိုးကို သဿတဒိဋ္ဌိဟုဟောတော်မူ၏။ ဤသင်္ကာယဒိဋ္ဌိ ၂၀-သည် အပါယ် ၄-ပါး၏ မျိုးစေ့များ ဖြစ်၏။

ဤသို့လျှင် သဿတဒိဋ္ဌိခေါ် ဘဝတဏှာခေါ် ဘဝဒိဋ္ဌိ ၁၅-ပါးနှင့် ဥစ္ဆေဒဒိဋ္ဌိခေါ် ဝိဘဝတဏှာခေါ် ဝိဘဝဒိဋ္ဌိတို့ ဖြစ်ကုန်သတည်း။ ယင်း ဒိဋ္ဌိတို့သည် မဂ်ဖိုလ် ကိုသာ တားမြစ်ကုန်၏၊ လူ နတ် ဗြဟ္မာအဖြစ်ကို မတားမြစ်ကုန်၊ သောတာပတ္တိ မဂ်ဉာဏ် ဖြစ်သော ခဏ၌ ထိုဒိဋ္ဌိတို့သည် အကြွင်းမဲ့ ကင်းချုပ် ကုန်၏၊ သင်္ကာယလျှင် အကြောင်းရင်းရှိကုန်သော ဒိဋ္ဌိပရိယုဋ္ဌာန် ၁၈-ပါး, ဒိဋ္ဌိ ၆၂-ပါး, ဒိဋ္ဌာဘိနိဝေသ ၃၀၀ တို့သည်လည်း၊ မဂ်ခဏ၌ အကြွင်းမရှိ ကင်းချုပ်ကုန်၏၊ ဒိဋ္ဌိဝိသုဒ္ဓိအရာ ဝိပဿနာဉာဏ်ခဏ

၌ကား ထို ဒိဋ္ဌိအားလုံးတို့သည် တဒင်္ဂ၊ တဒင်္ဂအားဖြင့် ဖြစ်ခွင့်မရ ကင်းချုပ်ကြကုန်၏။ ထို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံသော ယောဂီသည် အန္ဓပုထုဇဉ် အဖြစ်မှ ကျော်လွှန်လျက် ကလျာဏပုထုဇဉ် အဖြစ်သို့ ဆိုက်ရောက်လေတော့သည်။

## သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ပုံ

အကြင်ယောဂီသည် ဤလောက၌ နာမ်ရုပ်သာ ရှိ၏၊ အာရုံပြုသော သဘောကား **နာမ်**, အာရုံ ဖြစ်သော သဘောကား **ရုပ်**-ဟု ရှုမှတ်ပိုင်းခြားသော ဉာဏ်ဖြင့် နာမ်ရုပ်ကို သိ၏၊ ထို ယောဂီသည်ကား နာမ်ရုပ်ကို သိခြင်းကြောင့် နာမ်ရုပ်မှ ဘပါး ပုဂ္ဂိုလ်-သတ္တဝါ-ငါ-သူ ဘပါး-ယောကျ်ား- မိန်းမ- မကျိုးမပဲ့ မခွဲ့မကန်း မသန်း မဝေ မအိုမသေ-ဟု **မယူမှားသောအားဖြင့်** ရှိသော သတ္တဝါ မသေလျှင် သတ္တဝါ အစဉ်အဆက် မြဲ၏-ဟု **မယူမှားခြင်းကြောင့်** သဿတ ဒိဋ္ဌိလည်း မဖြစ်၊.... ပုဂ္ဂိုလ်-သတ္တဝါ-ငါ- သူတပါး-ယောကျ်ား-မိန်းမ ကျိုးကျိုး ပဲ့ပဲ့ ခွဲ့ခွဲ့ ကန်းကန်း သန်းသန်းဝေဝေ သေလည်း သေ၏-ဟု မယူမှားသော အားဖြင့် ရှိသော သတ္တဝါ သေလျှင် အစဉ်အဆက် ပြတ်၏-ဟု **မယူမှားခြင်းကြောင့်** ဥစ္ဆေဒဒိဋ္ဌိလည်း မဖြစ်ချေ၊

## တရားသမားတို့ သတိထားဘွယ်

အကယ်၍ နာမ် ရုပ်ကို သိခြင်းကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်သည် ရှိသော်.... "**နာမ်ရုပ်ကို သိခြင်း** ကြောင့် ပုဂ္ဂိုလ်- သတ္တဝါ- ငါ-သူတပါး- ယောကျ်ား- မိန်းမ-မရှိဟု ယူသော **အယူ**" နှင့် လောက၌ အမိမရှိ၊ အဘ မရှိ၊ သား မရှိ၊ မောင် မရှိ၊ နှမ မရှိ၊ မယား မရှိ၊ လင် မရှိ"-ဟု သူသော အသူတို့ အတူတူပင်မဟုတ်ပါလောဟု မသိအပ် သတိထားအပ်၏။

**မသိအပ် သတိထားအပ်ပုံကို** ချဲ့ဆိုအံ့—လောက၌ ရှိသည် မိမိဉာဏ သူတပါးဉာဏအားဖြင့် ၂-ဉာဏပြား၏။ ထို ၂-ဉာဏတွင်မိမိဉာဏ ဤလောက၌"အကြင်ယောဂီသည် နာမ်ရုပ်ကိုရှုမှတ်ပိုင်းခြားသောဉာဏ်ဖြင့် သိ၏။ ထိုယောဂီ အား နာမ်ရုပ်မှ တပါး ပုဂ္ဂိုလ်- သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ"-မရှိဟုဆုံးဖြတ်သော အယူသည် ဉာဏ အားဖြင့် မိမိဉာဏသာ ဖြစ်၏၊ သစ္စာအားဖြင့် ပရမတ္ထသစ္စ ာသာ ဖြစ်၏၊ ဉာဏ်အားဖြင့် ဝိပဿနာဉာဏ်သာဖြစ်၏။

သူတပါးဉာဏ ဤလောက၌ "အကြင် သူသည် အမိ အဘ မရှိ၊ သား-သမီး မရှိ၊ မောင်-နှမ မရှိ၊ မယား-လင် မရှိ"-ဟု ယူမှားသည် ဖြစ်အံ့။ ထိုသူအားကား၊ လောက ပညတ် အမှန် သမုတိသစ္စာကို ပယ်ဖျက် ခြင်း ကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်၏၊ မိစ္ဆာဒိဋ္ဌိ ဖြစ်ခြင်းကြောင့် ထို သူသည် အမိ၌ ပြုအပ်သော ဝတ်ကို မဖြည့်ကျင့်၊ အဘ၌၊ သား၌၊ သမီး၌၊ မောင်၌၊ နှမ၌၊ မယား၌၊ လင်၌ပြုအပ်သော ဝတ်ကို

မဖြည့်ကျင့်၊ မဖြည့်ကျင့်ခြင်းကြောင့် စာရိတ္တ သီလနှင့် မပြည့်စုံ၊ ထိုသူသည် သူ့အသက်ကို သတ်၏၊ သူ့ဥစ္စာကို ခိုးယူ၏၊ သူ့သား အိမ်ရာကို ပြစ်မှား၏၊ မမှန် မုသား စကားဆို၏၊ သေ-အရက်ကို သောက်၏၊ မရှောင်ကြဉ်၊ မရှောင်ကြဉ်ခြင်းကြောင့် ဝါရိတ္တ သီလနှင့် မပြည့်စုံ၊ စာရိတ္တ သီလ ဝါရိတ္တသီလ ၂-ပါးနှင့် မပြည့်စုံခြင်းကြောင့်, မိမိ ကိုယ်က မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းကြောင့် ထိုသူသည် အားထုတ် သော်လည်း နာမ်ရုပ်ကို မသိ၊ နာမ်ရုပ်ကို မသိခြင်းကြောင့် ထိုသူ့အား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရှိ လေတော့ သည်။

သူဘပါးဌာန ဤလောက၌ "အကြင်သူသည် အမိ-အဘ ရှိ၏, သား-သမီး ရှိ၏, မောင်-နှမ ရှိ၏, မယား-လင် ရှိ၏"-ဟု ယူသည်ဖြစ်အံ့၊ ထိုသူအားကားလောကပညတ် အမှန် သမုတိသစ္စာကို မပယ်မဖျက်ခြင်းကြောင့် သမ္မာဒိဋ္ဌိ ဖြစ်၏၊ သမ္မာဒိဋ္ဌိဖြစ်ခြင်းကြောင့် ထိုသူသည်အမိ၌ပြုအပ် သော ဝတ်ကို ဖြည့်ကျင့်၏၊ အဘ၌,သား၌,သမီး၌, မောင်၌, နှမ၌, မယား၌, လင်၌ ပြုအပ်သော ဝတ်ကို ဖြည့်ကျင့်၏၊ ဖြည့်ကျင့် ခြင်းကြောင့် စာရိတ္တသီလနှင့် ပြည့်စုံ၏၊ ထိုသူ သည် သူ့အသက်ကို မသတ်၊ သူ့ ဥစ္စာကို မခိုးယူ၊ သူ့ သား-အိမ်ရာကို မပြစ်မှား၊ မမှန်မုသား စကားမဆို၊ သေ-အရက်ကို မသောက်၊ ရှောင်ကြဉ်၏၊ ရှောင်ကြဉ် ခြင်း ကြောင့် ဝါရိတ္တသီလနှင့် ပြည့်စုံ၏၊ စာရိတ္တသီလ ဝါရိတ္တ သီလ ၂-ပါးနှင့် ပြည့်စုံခြင်းကြောင့်၊မိမိကိုယ်က သမ္မာဒိဋ္ဌိ

ဖြစ်ခြင်းကြောင့် ထိုသူသည် အားထုတ်သည် ရှိသော် နာမ်ရုပ်ကို သိ၏။ နာမ်ရုပ်ကိုသိခြင်းကြောင့် ထိုသူအား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်၊ မရှိချေ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ခြင်းကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်၏၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်ခြင်းကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ် ဖြစ်ရှိထက်သန်လေတော့သည်။

## မဇ္ဈိမပဋိပဒါ မဖြစ်မရှိသူများ

ဘဝဒိဋ္ဌိံ ဝိဘဝဒိဋ္ဌိံ,
ဧတံ ဒွယံ တက္ကိကာ နိဿိတာသေ၊
တေသံ နိရောဓမှိ နဟေဝ ဉာဏံ,
ယတ္ထာ.ယံ လောကော ဝိပရီတသညီ

ဘဝဒိဋ္ဌိံ-သဿတဒိဋ္ဌိ-ဘဝဂတဟူသောအမည်ရှိ-ဘဝဒိဋ္ဌိကိုရင်း၊ ဝိဘဝဒိဋ္ဌိံ- ဥစ္ဆေဒဒိဋ္ဌိ- ဝိဘဝတဏှာ အမည်ရှိ- ဝိဘဝဒိဋ္ဌိကိုရင်း၊ ဧတံ ဒွယံ-ဆက်မှား- ပြတ်မှား၊ ထို ၂-ပါးကို၊ တက္ကိကာ-အကြံထွေပြား, တကြံသမားတို့သည်၊ နိဿိတာသေ၊ အမှီပြုကြကုန်၏၊ တေသံ ထိုသူတို့အား၊ ဉာဏံ-ဝိပဿနာဉာဏ်, မဂ်ဉာဏ်သည်။ နဟိအတ္ထိ-မဖြစ်မရှိသည်သာတည်း၊ အယံလောကော၊ ဤလောကသည်။ ယတ္ထ၊ အကြင် နိရောဓသစ္စာ၌၊ ဝိပရီတသညီ၊ ချွတ်ယွင်း ဖေါက်ပြန်, မမှန်သော အမှတ်သညာ ရှိနေကြပေ၏။

## မဇ္ဈိမပဋိပဒါ ဖြစ်ရှိသူများ

ဆက်မှား ပြတ်မှားဟူသော အယုတ်အလွန် ၂-ခုအဘို့ အရပ်တို့သို့ မချဉ်းမကပ်ဘဲ "အလယ်= မဇ္ဈိမ" ဖြင့် ခဏခဏဖြစ်တိုင်း ဖြစ်တိုင်း ဝိပဿနာ အကျိုးငှါ၊ မဂ်-ဖိုလ်-နိဗ္ဗာန်အကျိုးငှါ ယုံကြည့်သဖြင့် ကျင့်သူကို "စက္ခုမန္တ= ဉာဏ်မျက်စိရှိသူ"ဟု မြတ်စွာဘုရားဟောတော်မူ၏။

ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု၊ ဘူတံ ဘူတတော ပဿတိ၊ ဘူတံဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယပဋိပန္နော ဟောတိ၊ ဧဝံခေါ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ကထဉ္စ- အဘယ် သို့လျှင်၊ စက္ခုမန္တော၊ (ယဘူတံ-ဉာဏဒဿ, မုချဧကန်, အမှန်မြင်မှု) ဉာဏ်စက္ခု ရှိသူတို့သာလျှင်၊ ပဿန္တိ၊ မြင်ကုန်သနည်း၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ငါဘုရား၏ အလိုတော်ဟုဆိုရာ, ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်၊ ဘူတံ ဘူတတော ပဿတိ၊ ဖြစ်တိုင်း ဖြစ်သဟု မြင်၏၊ ဘူတံ ဘူတတော ဒိသွာ၊ ဖြစ်တိုင်း ဖြစ်သဟု မြင်ခြင်းကြောင့်၊ ဘူတဿ နိဗ္ဗိဒါယ၊ ဖြစ်တိုင်း၌ ဝိပဿနာ အနုလောမဉာဏ် အကျိုးငှါ၊ ဘူတဿ ဝိရာဂါယ၊ ဖြစ်တိုင်း၌ အကြောင်းတပါး ကင်းသော မဂ်ဉာဏ်အကျိုးငှါ၊ ဘူတဿ နိရောဓာယ၊ ဖြစ်တိုင်း၌ အကြောင်း ချုပ်သော နိဗ္ဗာန် အကျိုးငှါ၊ ပဋိပန္နော၊ ကျင့်သူသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်၊ စက္ခုမန္တော၁၀- ယထာဘူတ-ဉာဏဒဿနံ, မုချကေန်,အမှန်မြင်မှု,ဉာဏ် စက္ခု ရှိသူတို့သာလျှင်၊ ပဿန္တိ၊ မြင်ကုန်၏။

**အဓိပ္ပါယ်**။— ဤသုတ်၌စက္ခုမန္တ ပုဂ္ဂိုလ်ဟူသည်= ယထာဘူတ ဉာဏ်အမြင်ရှိသောသူတည်း+**ယထာဘူတ** ဟူသည်= ဖြစ်တဲ့ အတိုင်းတည်း+ **ယထာဘူတ ဉာဏ် အမြင်** ဟူသည်= ဖြစ်တဲ့အတိုင်းယူခြင်းတည်း+**ရဟန်း** ဟူသည်= ခန္ဓာ-အာယတန ဓါတ်, ဖြစ်စဉ် မပြတ်သော သံသာရပဝတ္တိကို(ဒွါရ၆-ပါး,အာရုံ၆-ပါး,ဝိညာဏ်၆-ပါး တို့ ယခု ယခု မပြတ်မလပ် ဖြစ်နေသည်ကို) **ဘေး ဟု ရှု** သော သူတည်း+ **ဖြစ်တိုင်း ဖြစ်သဟုမြင်** ဟူ သည်= ကိုယ် နှုတ် စိတ် ဖြစ်တိုင်း ဖြစ်သဟု မြင်ခြင်း တည်း+ **ဖြစ်တိုင်း၌ ဝိပဿနာ အနုလောမဉာဏ် အကျိုး၄ါ** ဟူသည်=ကိုယ် နှုတ် စိတ် ဖြစ်တိုင်း ဖြစ်တိုင်း၌ အောက် က ဝိပဿနာဉာဏ် အထက်က အနုလောမဉာဏ် အ ကျိုး၄ါတည်း+ **ဖြစ်တိုင်း၌ အကြောင်း တပါး ကင်း သော မဂ်ဉာဏ် အကျိုး၄ါ** ဟူသည်= ကိုယ်နှုတ်စိတ် ဖြစ်တိုင်း ဖြစ်တိုင်း၌ ကံ-ကိလေသာ အကြောင်း တပါး ကင်းသော မဂ်ဉာဏ် အကျိုး၄ါတည်း+ **ဖြစ်တိုင်း၌ အ ကြောင်း ချုပ်သော နိဗ္ဗာန် အကျိုး၄ါ** ဟူသည်= ကိုယ်နှုတ်စိတ် ဖြစ်တိုင်း ဖြစ်တိုင်း၌ အနုသယ ပရိယုဋ္ဌာန် တဖန် ဘဝအသစ် မဖြစ်ဘဲ ချုပ်သော နိဗ္ဗာန် အကျိုး၄ါ၊

ကျင့်သည်၊ ယခုအတ္တဘော၌ ဘဝ အသစ်မဖြစ်အဲ ရှုပ်သောနိဗ္ဗာန်အကျိုး၄၁ ကျင့်သည်-ဟု ဆိုလိုသည်။

# ဘူတံ ဘူတတော ပဿတိ ကထာ

"ဤကား ဒုက္ခ, ဤက လက်သည့်, ဤပြည် ချမ်းသာ, ဤမှာ လမ်းပေါက်"- ဟူသော သစ္စာ ၄-ပါး သဘောကို သုတဉာဏ်ဖြင့် အမှန်အတိုင်း သိရှိနိုင်ရန် စကျွဲမန္တာသုတ်လာ ဘူတံ ဘူတတော ပဿတိ" ဟူသော စကားရပ်ကို "အဘိညေယျ- ပရိညေယျ ပဟာတဗ္ဗ- သစ္ဆိကာတဗ္ဗ- ဘာဝေတဗ္ဗ" ပုဒ်တို့ဖြင့် ဖွင့်ပြပါဦးအံ့....။

**အဘိညာ+အဘိညေယျ**=[အဘိ=အမှတ်ဖြင့်+ဉာ=သိခြင်း]အမှတ်ဖြင့်သိခြင်း၊အဘိညာဟူသည်အာရမ္မဏ်က (စိတ္တုပ္ပါဒ်) တရားတည်း၊ အမှတ်ဖြင့် သိအပ် (အသိခံရ) သော အာရုံတရားကို "အဘိညေယျ" ဟု ခေါ်၏။ ထို အဘိညေယျ တရားများကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ဓမ္မကောဋ္ဌာသ=တရားအစု" ၂၃-ပါးပြ၍ ဟောတော်မူ၏။ ဝိသုဒ္ဓိမဂ်၌ ဓမ္မရာသိ-ဟု ဆို၏။

**[ဆောင်ပုဒ်]။ ။ခန္ဓာ ငါး၀, ခြောက်ဒွါရဟု, အာရမ္မဏ, ဝိညာဏနှင့်, ဖဿ-ဝေဒနာ, ခြောက်စီသာတည်း၊ သညာ- စေတနာ, တဏှာ- ဝိတက္က, ဝိစာရလည်း, ခြောက်ဝစီပင်, ဓါတ်လျှင် ခြောက်သွယ်, တဆယ် ကသိဏ, ဒွတ္တိံသနှင့်, အာယတန**

ဆဲ့နှစ်, ဓါတ်ဆဲ့ရှစ်ထွေ, ဇာနေမြွှန်- လောကီယူလော့, သုံးဆူဓါတု, ကိုးခုဘဝ, စတုက္ကချာန်, လေးတန်ပမဉ်,လေးအင်သမာပတ်, သမုဒ္ဒါဒ်ကုန်, အလုံးစုံသည် .... အကုန် အဘိညေယျ ချည်းပေတည်း။

[ဆောင်ပုဒ်]။ ။အဘိညေယျ, တေဝိသဟု, ဓမ္မအပုံ, အလုံးစုံပင်, အာရုံ-ဒွါရ, ဝိညာဏတို့, ဆုံကြခိုက်မှာ, ယထာရဟ, ဖြစ်ကုန်ကြ၏၊ ကမဒေသနာ,မှတ်ယူပါလော့၊ဝိပဿနာ, ရှုသောခါဝယ်, အာရုံ-ဒွါရ, ဝိညာဏတို့, ဆုံကြခိုက်တွင် သမ္ဘဇဉ်ရှိ, သတိထင်စွာ, ရှုမှတ်ပါက,ကောဋ္ဌာဓမ္မ,ဘိညေယျကုန်, အလုံးစုံပင်, အာရုံဖြစ်လာ, ငါးခန္ဓာသည်.... နှစ်ဖြာ ရုပ်နာမ် အကျဉ်းတည်း။ ........
[သမ္မောဒညပဗ္ဗ ဆောင်ပုဒ် မျက်နှာ ၃၆ အတိုင်း ရှုမှတ်ရာ၏။]

## အဘိညေယျအရာ, ဉာတပရိညာ

မြင်သောခဏ "မြင်-မြင်တယ်"ဟု အမှတ်ပြုသော် အကျဉ်း အားဖြင့် နာမ်ရုပ်ကို ပိုင်းခြားသည် မည်၏၊ ထိုစကားမှန်၏- မြင်သော ခဏ၌ မျက်စိလည်း ကြည်၏, အဆင်းလည်း ထင်၏, စက္ခုဝိညာဏ်လ း မြင်၏, ဖဿလည်း တွေ့၏, ဝေဒနာလည်း ခံစား၏၊ ထို၅-ပါးတို့

တွင် မျက်စိ ကြည်ခြင်း အဆင်း ထင်ခြင်းကား (ကြည် သဖြင့် ပေါက်ပြန်ခြင်း, ထင်သဖြင့် ပေါက်ပြန် ခြင်းကား) ရုပ္ပနလက္ခဏာ (ရုပ်)တည်း၊ မျက်စိနှင့် ကလာပ်တူ ကမ္မဇ ရုပ်, အဆင်းနှင့် ကလာပ်တူ စတုဇရုပ်များ သည်လည်း တကွဖြစ်သော သဘော (သဟာဇေကာဋ္ဌ) အားဖြင့် ရုပ် ပင်တည်း– မြင်ခြင်းကား နမန လက္ခဏာ (နာမ်)တည်း၊ တွေ့ခြင်း, ခံစားခြင်း စသော ယှဉ်ဘက်တရား စေတသိက် များလည်း နာမ်ပင်တည်း။ ဤသို့ မြတ်စွာ ဘုရား အလို တော်အားဖြင့် မြင်သောခဏ "မြင်–မြင်တယ်" မှတ်ခြင်း သည် အကျဉ်းအားဖြင့် နာမ်ရုပ်ကို ပိုင်းခြားသည်မည်၏။

အဘယ့်ကြောင့် အကျဉ်းအားဖြင့် နာမ်ရုပ်ကို ပိုင်းခြား သည် မည်သနည်း-ဟု မေး၊ ဖြေကား–မြင်သောအခိုက် ဤနာမ်ရုပ်၌ခဏ ကာလ တပြိုင်နက် ကျကာ ဖြစ်ခြင်း၌ ထိုက်သောအတ္တဒိဋ္ဌိသည်နာမ်ရုပ်ဟူသမျှဝယ်ခဏကာလ တပြိုင်နက်ကျကာ ဖြစ်ခြင်း၌ ထိုက်သော အတ္တဒိဋ္ဌိနှင့် အပယ်တူ (ဖြစ်ခွင့် မရဘဲ ပျောက်ခြင်းတူ) လေသည်၊ ထို့ကြောင့် အကျဉ်းအားဖြင့် နာမ်ရုပ်ကို ပိုင်းခြားသည် မည်၏။ ဤကား အဘိညာတည်း။ ဝါ–အမှတ်ဖြင့် သိခြင်း တည်း။ ထို့ကြောင့် "ဒွေဓမ္မာ အဘိညေယျာ နာမဉ္စ ရူပဉ္စ" ဟု ဟောတော်မူ၏။

ဤသို့ အမှတ်ပြုသဖြင့် သိ၍ မြင်သောခဏ "မြင်-မြင် တယ်"ဟု အမှတ်ပြုသော် အကျဉ်းအားဖြင့် အကြောင်း

နှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည် မည်၏။ ထိုစကားမှန်၏၊ နာမ်ရုပ် ဖြစ်သည် ရှိသော် အကြောင်းနှင့် အကျိုး စပ်လျက် ဖြစ်၏၊-( အကျိုး နာမ်ရုပ်၏ စက္ခုဒွါရ ရူပါရုံဟူသော ပစ္စယအကြောင်းသည် အဝိဇ္ဇာ-သင်္ခါရ-တဏှာ- ဥပါဒါန်- ကံဟူသော ဟေတုအကြောင်းနှင့် ဆက်စပ်လျက် ဖြစ်၏-ဟု ဆိုလိုသည်)ဖြစ်သော နာမ်ရုပ်ကို မြင်လတ်သော် ထိုနာမ်ရုပ်၏ ဟေ တု အ ကြောင်း ကို လည်း ပစ္စယ အကြောင်း အားဖြင့် မြင်၏၊ဤသို့ မြတ်စွာဘုရား အလိုတော်အားဖြင့် ဤသို့ အမှတ်ပြုသဖြင့် သိ၍ မြင်သောခဏ " မြင်- မြင်တယ် " ဟု- အမှတ်ပြုသော် အကျဉ်းအားဖြင့် အကြောင်းနှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည် မည်၏။

အဘယ်ကြောင့် အကျဉ်းအားဖြင့် အကြောင်းနှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည် မည်ပါသနည်း-ဟု မေး၊ အဖြေကား- အကျိုး၏ အကြောင်းနှင့် စပ်ခြင်းကို ထွက်၍ မမြင်အပ်သည်၏ အဖြစ်ကြောင့် (ဝါ) အကျိုး၏ အကြောင်း နှင့် စပ်လျက်သော မြင်အပ် သည် ၏ အဖြစ်ကြောင့် အကျဉ်း အားဖြင့် အ ကြောင်း နှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည် မည်ပါ၏၊ထို့ကြောင့် "ယံ ယဒေဝပစ္စယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဝိညာဏံ, ဝိညာဏံတွေဝ သင်္ချံ ဂစ္ဆတိ " ဟု- ဟောတော်မူ၏၊ ဤသည်လည်း အဘိညာပင်တည်း၊ဝါ-အမှတ်ဖြင့် သိခြင်းပင်တည်း။

# အဘိညေယျ, ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗ။

[လှေဖြင့် ကမ်းတဘက်သို့ ကူးရာ၌ (က) လှေတက်ဆွဲတိုင်းဆွဲတိုင်း၌ (၁) ဝန်ကိုဆောင်မှု, (၂) ရေကိုယက်မှု, (၃) ဟိုကမ်းသို့နီးမှု, (၄) ဤကမ်းမှ ကွာမှု ကိစ္စ ၄-ခု တပြိုင်နက် ပြီးစီးသကဲ့သို့' ထို့အတူ .... (က) အဘိညေယျ= အမှတ်ဖြင့် သိတိုင်းသိတိုင်း (၁) ပရိညေယျ- ဒုက္ခအမှန်လဲ (သမုဒယနှင့် မရောဘဲ) ပိုင်းခြားမှု, (၂) ပဟာတဗ္ဗ-သမုဒယ အမှန်လဲ (ဒုက္ခနှင့် မရောဘဲ) ပယ်ပျောက်မှု, (၃) သစ္ဆိကာတဗ္ဗ-နိရောဓအမှန်လဲ (ယခု အဘ္ဘဘော၌) ထိဆိုက်မှု, (၄) ဘာဝေတဗ္ဗ= မဂ္ဂအမှန်လဲပွားမှု ဤကိစ္စ ၄-ခုတပြိုင်နက်ပြီးစီးဟန်ကို ဉာဏ်ဖြင့် တွေးဆနိုင်ပါစေ။]

ဤသို့ အမှတ်ပြုသဖြင့်သိ၍ ဤဉာဏပရိညာမှ နောက်၌ မြင်သောခဏ " မြင်- မြင်တယ် " ဟု အမှတ် ပြုသော် ဝိပဿနာကို ဉာဏ်စဉ်အတိုင်း ဖြစ်စေလျက် ဝိပဿနာမှ လာသော မဂ်ဖြင့် ဒုက္ခသစ္စာကိုလည်း ပိုင်းခြား၍၊ သမုဒယသစ္စာကိုလည်း ပယ်၍၊ နိရောဓသစ္စာကိုလည်း မျက်မှောက်ပြု၍၊ မဂ္ဂသစ္စာကိုလည်း ပွါး၍၊ ထိုစကား ရပ်ကို ထင်ရှားအောင်ပြုဦးအံ့- နာမ်ရုပ်ဖြစ်လတ်သော် နာမ်ရုပ် သက်သက်မျှသာ ဖြစ်သည် မဟုတ်, စင်စင်သော်ကား ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟူသော ခန္ဓာ ၅-ပါး ဖြစ်၏၊ ဤခန္ဓာ ၅-ပါးသည် ထင်သည် မည်၏။

## မမှတ်လျှင် တဖန်ဘဝ အသစ်ဖြစ်

**အနုဘိုညေယျ,အပရိညေယျ**—ခန္ဓာ ၅-ပါးထင်သည့် မြင်သောခဏ၌“ မြင်- မြင်တယ် ” ဟု အမှတ်မပြုသော် ဤကား ထင်ခြင်းတည်းဟု ဝိပဿနာဖြင့်မမြင်၊ ယင်းသို့ မမြင်ခြင်းကြောင့် ထင်သောအာရုံဝယ် အဝိဇ္ဇာ၏ မသိသော အင်္ဂါအားဖြင့် အသစ် ယခုဖြစ်ခြင်း၌ ထိုက်ခြင်းကြောင့် ဝဋ်မြစ် သမုဒယနှင့် ရောနှောလတ်သော် ထိုမမြင်သူသ ဒုက္ခသစ္စာကို ပိုင်းခြားသည် မမည်၊ ယင်းသို့ မပိုင်းခြားသည့်အတွက် တဖန်ဘဝသည် ဒုက္ခသစ္စာနှင့် ရောနှောသော ဝဋ်မြစ်သမုဒယကြောင့် အသစ်ဖြစ်လေတော့သည်။

## မှတ်လျှင် တဖန်ဘဝ အသစ်မဖြစ်

**အဘိညေယျ,ပရိညေယျ**—ခန္ဓာ ၅ - ပါး ထင် သည့် မြင်သောခဏ၌“မြင်-မြင်တယ်”ဟု အမှတ်ပြုသော်ကား ဤကား ထင်ခြင်းတည်းဟု ဝိပဿနာဖြင့်သာ မြင်၏၊ယင်းသို့ မြင်ခြင်းကြောင့် ထင်သော အာရုံဝယ် ဝိပဿနာ၏ သိသော အင်္ဂါအားဖြင့် အသစ် ယခု ဖြစ်ခြင်း၌ မထိုက်ခြင်းကြောင့် ဝဋ်မြစ်သမုဒယနှင့် မရောနှောလတ်သော် ထိုမြင်သူသည် ဒုက္ခသစ္စာကိုပိုင်းခြားသည်မည်၏။ယင်းသို့ ပိုင်းခြားသည့် အတွက် တဖန် ဘဝသည် ဒုက္ခ သစ္စာနှင့် မရောနှောသောဝဋ်မြစ်သမုဒယကြောင့် အသစ်မဖြစ်ချေ။ ထိုစကားမှန်၏-ဝိပဿနာဖြင့် ထင်သော ဒုက္ခသစ္စာသည်

သမုဒယနှင့် မရောနှောခြင်းကြောင့် ကောင်း မည်၏။ ဝါ– သမုဒယအပေါ် ကင်း တကိုယ်တည်းခြင်း မည်၏၊ မှန်ပါ သည်–သမုဒယသည် အာသေဝနပစ္စယ ဝိပဿနာ၏ သိသော အင်္ဂါအားဖြင့် ဖြစ်ခြင်း၌ မထိုက်ဘဲ, မဖြစ်ဘဲ ချုပ်လေ တော့သည်။

## မမှတ်လျှင် သမုဒယ မထင်

**အနတ္တိဥ္စေယျ, အပဟာတဗ္ဗ—** ခန္ဓာ ၅-ပါး ထင် သည့် မြင်သောခဏ၌ "မြင်–မြင်တယ်"ဟု အမှတ် မပြု သော် ထို ထင်ခြင်းသည် အကြောင်းကြောင့် ဖြစ်ခြင်း တည်းဟု ဝိပဿနာဖြင့် မမြင်၊ ယင်းသို့ မမြင် ခြင်းကြောင့် ထိုမမြင်သူသည် ထင်သောအာရုံဝယ် အဝိဇ္ဇာ၏မသိသော အင်္ဂါအားဖြင့် ဒုက္ခသစ္စာ၏ အဟောင်း ယခုပစ္စည်း ကိစ္စ တပ်သော သမုဒယ သစ္စာကို ထင်အောင်ပြုသည် မမည် ချေ။

## မှတ်လျှင် သမုဒယ ထင်

**အဘိဥ္စေယျ,ပဟာတဗ္ဗ—**ခန္ဓာ၅-ပါးထင်သည့် မြင် သောခဏ၌ "မြင်–မြင်တယ်" ဟု အမှတ် ပြုသော်ကား ထိုထင်ခြင်းသည် အကြောင်းကြောင့် ဖြစ်ခြင်း တည်းဟု ဝိပဿနာဖြင့်သာ မြင်၏။ ယင်းသို့ မြင်ခြင်းကြောင့် ထို မြင် သူသည် ထင်သောအာရုံဝယ် ဝိပဿနာ၏ သိသောအင်္ဂါ အားဖြင့် ဒုက္ခသစ္စာ၏ အဟောင်း ယခုပစ္စည်း ကိစ္စ တပ် သော သမုဒယသစ္စာကို ထင်အောင် ပြုသည် မည်၏။

ထို စကားမှန်၏– အကြောင်း ပစ္စည်းသည် ယခု ဒုက္ခ၏ အတိတ်သမုဒယ ပေတည်း၊ ထိုကြောင့် ယခုဒုက္ခ၏ အကြောင်းပစ္စည်း ဖြစ်သော အတိတ်သမုဒယကို ဝိပဿနာ၏ သိသောအင်္ဂါအားဖြင့်ရင်း, ဝိပဿနာမှ လာသော မဂ်အားဖြင့်ရင်း မပယ်အပ်ချေ။ စင်စစ်သော်ကား ယခုဒုက္ခ၏ လက်သည် သမုဒယဟု ထင်ရှားသာတည်း၊ ထို့အတူ အနာဂတ် သမုဒယကို, ပစ္စုပ္ပန် သမုဒယကို ဝိပဿနာ၏ သိသော အင်္ဂါအားဖြင့်ရင်း, ဝိပဿနာမှ လာသော မဂ်အားဖြင့်ရင်း မပယ်အပ်ချေ။ စင်စစ်သော်ကား ယခု ဒုက္ခ၏ လက်သည် သမုဒယဟု ထင်ရှားသာတည်း။

အဘယ့်ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော သမုဒယ ၃–မျိုးကို ဝိပဿနာဖြင့် မဂ်ဖြင့် မပယ်အပ်ပါသနည်း–ဟု မေး၊ အဖြေကား–အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူ၍ သိသရာ ဘဝစက်အတွင်းဝယ်၊ကာလ ၃–ခုအပေါင်း၌ ရေတွက်အပ်သောကြောင့်၊ကာလ ၃–ပါးနှင့် ယှဉ်သော သမုဒယ ၃-မျိုးကို ဝိပဿနာဖြင့် မဂ်ဖြင့် မပယ်အပ်ပါ၊ စင်စစ်သော်ကား၊ ကာလ ၃–ခု အပေါင်း၌ ဖြစ်ခြင်း ထိုက်သော (ဥပ္ပန္နာရဟ) သမုဒယကို မရေတွက်အပ်ချေ။

## မမှတ်လျှင် နိဗ္ဗာန်ကို မမြင်

**အနဘိညေယျ,အသန္တိ ကာတဗ္ဗ–** ခန္ဓာ ၅–ပါးထင်သည့် မြင်သောခဏ၌ ''မြင်-မြင်တယ်'' အမှတ်မပြုသော်

ဤကား ထင်ခြင်းတည်းဟု ဝိပဿနာဖြင့် မမြင်၊ ထို ထင်ခြင်းသည် အကြောင်းကြောင့် ဖြစ်ခြင်း တည်းဟုလည်း ဝိပဿနာဖြင့် မမြင်၊ ယင်းသို့ မမြင်ခြင်းကြောင့် ဝိပဿနာ၏ အဆုံး၌ ဝိပဿနာမှ လာသော မဂ်ဖြင့် အကြွင်း ခန္ဓာ ၅-ပါး ထင်၏၊ ထို ထင်သော ခန္ဓာ ၅-ပါးကို အကြောင်း မဖြစ်ဘဲ ချုပ်ခြင်း ကြောင့် အကျိုး မဖြစ်ဘဲ ချုပ်သော သဘောတည်းဟုလည်း မမြင်ချေ။

## မှတ်လျှင် နိရောဓကို မြင်

**အဘိညေယျ, သစ္စိကာတဗ္ဗ—**ခန္ဓာ ၅-ပါးထင်သည့် မြင်သောခဏ၌ "မြင်-မြင်တယ်" ဟု အမှတ် ပြုသော်ကား ဤကား ထင်ခြင်း တည်းဟုလည်း ဝိပဿနာဖြင့် မြင်၏၊ ထို ထင်ခြင်းသည် အကြောင်းကြောင့် ဖြစ်ခြင်း တည်းဟုလည်း ဝိပဿနာဖြင့်ပင် မြင်၏၊ ယင်းသို့ မြင်ခြင်း ကြောင့် ဝိပဿနာ၏ အဆုံး၌ ဝိပဿနာမှလာသော **မဂ်**ဖြင့် အကြွင်း ခန္ဓာ ၅-ပါးထင်၏၊ ထိုထင်သော ခန္ဓာ ၅-ပါး ကို အကြောင်းမဖြစ်ဘဲ ချုပ်ခြင်းကြောင့် အကျိုး မဖြစ်ဘဲ ချုပ်သော သဘောတည်းဟုလည်း မြင်လေတော့သည်။

[**ရှင်းလင်းချက်—**] ဤအရာ၌ အနုဿာနဲ့၌ အကြောင်းဟူသော အဟာရ သည် ကဗဠီကာရ အကြောင်း, ဖဿဟာရ အကြောင်း, စေတနာ ဟာရအကြောင်း, ဝိညာဏာဟာရအကြောင်း အားဖြင့် ၄-ပါး ပြား သော်လည်း တပါး တပါးသော အာဟာရ၏ နိရောဓနှင့် ယှဉ်ခြင်း ကြောင့် "အကြောင်းဟူသမျှ ဖြစ်ခွင့်မရသောသဘော= (သမုဒယ

မဟာနေကဋ္ဌ)''အားဖြင့် ဘဝစက်၏ ဝဋ်မြစ်သမုဒယ ချုပ်သည့်တိုင်အောင် အကြောင်း အဆက်ဆက် ချုပ်ခြင်းကို ''အကြောင်းချုပ်= (အာဟာရနိရောဓ)'' ဟူ၍ဆိုရသည်၊ ထိုချုပ်သော အကြောင်း၏ ဖြစ်ရာဌာန ဘုံသို့ကူးသော ဝိပဿနာဖြင့် ပိုင်းခြားအပ်သည့်ထင်သော အာရုံ၌မဂ်ဖြင့် ပယ်ခြင်းကြောင့် တဖန်မကိန်းငြိမ်းသောအလိုအားဖြင့် နောင်ဖြစ်ခြင်းငှါ မထိုက်သော ကာလလွတ် မဖြစ်ဘဲ ချုပ်ခြင်းသည် ကေန်ရှိ၏၊ ထိုမဖြစ်ဘဲ ချုပ်ခြင်းကို ထိုထင်သော အာရုံဝယ် ''အကြောင်းချုပ်= (အာဟာရနိရောဓ)''ဟူ၍ ဆိုရသည်၊ ထို့ကြောင့် အကြင် ခန္ဓာ ၅-ပါး ထင်၏၊ ထိုထင်သော ခန္ဓာ၅-ပါးကို အကြောင်း မဖြစ်ဘဲ ချုပ်ခြင်းကြောင့် အကျိုးမဖြစ်ဘဲ ချုပ်သော သဘောတည်း ဟုလည်း မြင်လေတော့သည်။

ဆက်ဦးအံ့—ဖြစ်ရာဌာန ဘုံသို့ကူးသော ဝိပဿနာဖြင့် ပိုင်းခြားအပ်သည့် ထင်သောအာရုံ၌ မဂ်ဖြင့် မပယ်သည့်အတွက် အသစ်တဖန်ဘဝ အခွင့်ရသော အားဖြင့် နောင်ဖြစ်ခြင်းငှါထိုက်သော ကာလလွတ် ခန္ဓာ ၅-ပါးသည် ကေန်ရှိ၏၊ယင်း ခန္ဓာ ၅-ပါးကို ထိုထင်သောအာရုံ၌ ''အကြင်ထင်ခြင်း'' ဟူ၍ဆိုရ၏၊ ... ဖြစ်ရာဌာန ဘုံသို့ကူးသော ဝိပဿနာဖြင့် ပိုင်းခြားအပ်သည့် ထင်သောအာရုံ၌ မဂ်ဖြင့် ပယ်သည့် အတွက် အသစ်တဖန်ဘဝ ငြိမ်းသောအလိုအားဖြင့် နောင်ဖြစ်ခြင်းငှါ မထိုက်သော မဖြစ်ဘဲချုပ်ခြင်းရှိသော ကာလလွတ် ခန္ဓာ ၅-ပါးသည် ကေန်ရှိ၏၊ ယင်း ခန္ဓာ၅-ပါးကို ထိုထင်သောအာရုံ၌ ''ထိုချုပ်ခြင်း သဘော'' ဟူ၍ ဆိုရ၏။]

ထိုစကားမှန်၏–မြတ်စွာဘုရားသည်....''ရောဟိတာသ နတ်သား စင်စစ်သော်ကား ငါဘုရားသည် စိတ်နှင့်တကွ ပဋိသန္ဓေ သညာနှင့်တကွ တလံမျှသောက် ရှိသည့် ဤအကောင်ပုတ်၌သာလျှင် လောကကိုလည်းသိစေ၏၊ လောကသမုဒယကိုလည်း သိစေ၏၊ လောကနိရောဓကိုလည်း သိ

စေ၏၊ လောက၏ ချုပ်ခြင်းသို့ ရောက်သော အကျင့်ကို လည်း သိစေ၏''-ဟု ဟောတော်မူအပ်ပြီ။

အပိစာဟံ မာဝုသော ဣမသ္မိံ ယေဝ ကဠေဝရေ ဗျာမမတ္တေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ, လောကသမုဒယဉ္စ, လောကနိရောဓဉ္စ, လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒံ။....စတုက္ကအင်္ဂုတ္တိုရ်။

## ဘူတံ ဘူတတော နပဿတိ

ထင်ခြင်းကို ထင်သဟု မမြင် ခြင်းကြောင့် ''မြင်-မြင် တယ်''ဟု အမှတ်မပြုမှု ထင်ခြင်းကို ထင်သဟု မမြင်ချေ၊ ထင်ခြင်းကို ထင်သဟု မမြင်သော ယောဂီသည် ယထာ ဘူတ ဉာဏ်မျက်စိ အမြင်မရှိလတ်သော် ပိုင်းခြား၍ ဒုက္ခ သစ္စာကို မြင်ခြင်းငှါ, ပယ်၍ သမုဒယသစ္စာကို မြင်ခြင်းငှါ, မျက်မှောက်ပြု၍ နိရောဓသစ္စာကို မြင်ခြင်းငှါ, ပွါး၍ မဂ္ဂ သစ္စာကို မြင်ခြင်းငှါ အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့ နည်း၊ သစ္စာ ၄-ချက် အနက် မှန်ကိုမမြင်တော့ သည်သာ-ဟူလို။

## ဘူတံ ဘူတတော ပဿတိ

ထင်ခြင်းကို ထင်သဟု မြင်ခြင်း ကြောင့် ''မြင်-မြင် တယ်''ဟု အမှတ်ပြုမှုကား ထင်ခြင်းကို ထင်သဟုမြင်ပေ ၏၊ ထင်ခြင်းကို ထင်သဟု မြင်သောယောဂီသည် ယထာ ဘူတ ဉာဏ်မျက်စိ အမြင် ရှိလတ်သော် ပိုင်းခြား၍ ဒုက္ခ

သစ္စာကို မြင်ခြင်း၄၁၊ ပယ်၍ သမုဒယသစ္စာကို မြင်ခြင်း ၄၁၊ မျက်မှောက်ပြု၍ နိရောဓသစ္စာကို မြင်ခြင်း၄၁၊ ပွါး၍ မဂ္ဂသစ္စာကို မြင်ခြင်း၄၁ ဆိုအပ်ရာ ရှိသည် သာတည်း၊ သစ္စာ ၄-ချက် အနက်မှန်ကို မြင်လေတော့သည်-ဟူလို။

ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော ဝ ပညာသန္တိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ပဿတိ၊ ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ပဋိပန္နော ဟောတိ၊ ဧဝံ ခေါ ဘိက္ခဝေ စက္ခုမန္တော ဝ ပညာသန္တိ။

ယော ဘူတံ ဘူတတော ဒိသွာ,ဘူတဿ စ အတိက္ကမံ၊
ယထာဘူတေ ဝိမုစ္စတိ, ဘဝတဏှာ ပရိက္ခယာ။
သဝေ ဘူတပရိညာသော, ဝီတ တဏှော ဘဝါဘဝေ
ဘူတဿ ဝိဘဝါ ဘိက္ခု, နာဂစ္ဆတိ ပုနဗ္ဘဝံ။

ယော၊ အကြင် ယောဂီသည်။ ဘူတံ၊ ထင်ခြင်းကို။ ဘူတတော၊ ထင်သဟု။ဒိသွာ၊ မြင်ခြင်းကြောင့်။ ဘူတဿ၊ ထင်ခြင်း၏၊ အတိက္ကမံ စ၊ လွန်မြောက်ရာ(နိဗ္ဗာန်)ကိုလည်း၊ ဒိသွာ၊ မြင်ခြင်းကြောင့်၊ ဘဝတဏှာ ပရိက္ခယာ၊ ဘဝ တဏှာကုန်ခြင်းကြောင့်။ ယထာဘူတေ၊ဟုတ်တိုင်းအမှန်, မြတ်နိဗ္ဗာန်ကို။ အဓိမုစ္စတိ၊ နှလုံးသွင်းလေသတည်း။

ဘူတပရိညာသော၊ ကိုယ် နှုတ် စိတ်လျှင်, ထင်တိုင်း ဓမ္မ, ပိုင်းခြားသိသော၊ ဝီတ တဏှော၊ တဏှာ ၃-တွေ, ကင်းလေပြီးသော၊ သ-ဘိက္ခု၊ ထို ယောဂီသည်၊ ဝေ၊

စင်စစ်။ဘူတသ္မိ၊ ဘူတဓမ္မ, သင်္ခါရ၏။ ဝိဘဝါ။ကင်းငြိမ်း ပြီးသည့်နောက်။ ပုန ဗ္ဘဝံ၊ တဖန် အဖြစ်, ဘဝသစ်သို့။ နာဂ စ္ဆတိ၊ မသွား မရောက်တော့ပေ။.... [စုဏ္ဏိုယ ပါဠိ၏ မြန်မာပြန် အနက် အဓိပ္ပါယ်ကို မျက်နှာ ၅၇-၌ ကြည့်ရှုပါ။]

ဤသို့လျှင် သဘောတရား အမှန်အားဖြင့် ပညာမျက်စိ အမြင်မရှိသူကို နှိပ်တော်မူလျက်,.... သဘောတရားအမှန် အားဖြင့် ပညာမျက်စိ အမြင် ရှိသူကို ချီးမြှောက်တော် မူလိုသော မြတ်စွာဘုရား၏ အလိုတော် အားဖြင့်.... "အကျဉ်းအားဖြင့် ဤသို့အမှတ်ပြုသဖြင့် သိ၍,ဤဉာတပရိညာမှ နောက်၌မြင်သောခဏ "မြင်-မြင်တယ်''ဟု အမှတ်ပြုသော်''-ဝိပဿနာကို ဉာဏ်စဉ်အတိုင်း ဖြစ်စေ၍ ဝိပဿနာမှ လာသော **မဂ်** ဖြင့် ဒုက္ခသစ္စာ ကိုလည်း ပိုင်းခြားသတည်း၊ သမုဒယ သစ္စာကိုလည်း ပယ်သတည်း၊ နိရောဓ သစ္စာကိုလည်း မျက်မှောက်ပြုသတည်း၊မဂ္ဂသစ္စာကိုသည်း ပွါးသတည်း။

ဥယျောဇဉ်။ ။အိုး...ပိဋကသုခမိန်။ (၁) မာန်လည် ဆရာတော် ဘုရားကြီးက .... "**သမ္ပဇဉ်ဖြင့် မသတ်မှတ်သော ကမ္မဋ္ဌာန်း ကျမ်းစာတို့ကို ကြည့်ရှုသည်မှာ ကြက်သည်း ထဘွယ် ရှိလှသည်**''-ဟုဇင်း, (၂) ပေါင်းတော်ကျူး ဆရာတော် ဘုရား ကြီးက .... "**ပဋိသမ္ဘိဒါဉာဏ် မရသော်လည်း ရသလို ရှိုးစွဲ အနက်ထင်ပုံကို ပြောဇဟာ တတ်မှ ကျမ်းတတ်ခေါ်**

ရသည်’’–ဟုဋင်း။ (၃) ပေဋကောပဒေသအဋ္ဌကထာ စသည် ကျမ်းပြု သထုံမြို့နေ ဇေတဝန် ဆရာတော်ဘုရား ကြီးက.... ‘‘သုတစိန္တာ, ဉာဏ်နှစ်ဖြာနှင့်, ဘာဝနာဉာဏ်,ဆဲ့ခြောက်တန်၏,ဉာဏ်အာရုံအလိုက် အနိုက်အတန့်ကျွဲ့ဘာ,ဒေသနာပိဋကတ်,ကြောင်း– ကျိုးမှတ်၍, ဆုံးဖြတ်ခွဲယူ, နားလည်မှု–ထိုသူ ပိဋကတ် အသုံးတတ်’’–ဟုဋင်း....(၄) ထို့ပြင်၊ရှေးရှေး ဆရာတော် ဘုရားကြီးတို့က.... ‘‘သဒ္ဒါတတ်သူ များ ပေမဲ့ သဒ္ဒါအသုံးတတ်သူ မများသကဲ့သို့, ပိဋကတတ်သူ မရှားပေမဲ့ ပိဋကအသုံးသတ်သူ ရှား၏’’ –ဟုဋင်း....

ပဋိပတ္တိအမှန်နှင့် ပဋိဝေဓမဂ်ဖိုလ်ဉာဏ်တို့ကို ရှေးရှု သောအားဖြင့် ပရိယတ္တိ သာသနာရေးအတွက် လေးနက် သော အနက် အဓိပ္ပါယ်ကိုဆောင်းသည့်မိန့်ခွန်းတော်များ ကို ကရုဏာရှေ့ထား မိန့်ကြားတော်မူခဲ့ကြပါသည် သို့အတွက် မြင်သောခဏ ‘‘မြင်–မြင်တယ်’’ဟု အမှတ် ပြုသော် အဘိဓမ္မာ ပရိညေယျ မဟာတဗ္ဗ သစ္ဆိကာ တဗ္ဗ ဘာဝေတဗ္ဗ ပုဒ်တို့ဖြင့် သစ္စာ အနက်ကို ပြဆိုသော ဤနည်းကို နည်းမှီးလျက်....

ကြားသောခဏ ‘‘ကြား–ကြားတယ်ဟု အမှတ်ပြု သော်, နံသော ခဏ ‘‘နံ–နံတယ်’’ဟု, စားသော ခဏ ‘‘စား–စားတယ်’’ဟု, ထိသောခဏ ‘‘ထိ–ထိတယ်’’ ဟု,

သွားသောခဏ "သွား- သွားတယ်"ဟု **အမှတ်ပြုသော်**, ထိုထို ကိုယ်မှု နှုတ်မှု စိတ်မှု အလိုက် အမှတ်ပြုသော် အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ ပုဒ်တို့ဖြင့် သစ္စာအနက်ကို သုတ-စိန္တာ ဘာဝနာ ဉာဏ်တို့ဖြင့် သိရှိ နားလည်ကာ သာသနာ့ အရသာကို ရယူလျက် သာသနာရေးအတွက် ရှေ့ဆောင်ရှေ့ရွက် ပြုနိုင်ကြပါစေသား၊

——:O:——

## သုတဉာဏ်ဖြင့် သစ္စာရှာပုံ

"ဘူတံ ဘူတတော ပဿတိ" အရတို့ကို အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ ပုဒ်တို့ဖြင့် သစ္စာ ၄-ပါး၏ အနက်ကိုပြ၍ ဤဥာနှ၌ တရားကြားနာဆဲ တရားအားထုတ်ဆဲ ဖြစ်သော သာဝကသည် "မှတ်အပ်-မမှတ်အပ်, ပိုင်းခြားအပ်-မပိုင်းခြားအပ်, ပယ်အပ်-မပယ်အပ်,မျက်မှောက်ပြုအပ်- မျက်မှောက်မပြုအပ် ပွါးအပ်၊ မပွါးအပ်" သစ္စာ ၄-ရပ်တို့ကို သုတဉာဏ်ဖြင့် ရှာကြံတတ်ရေး အလို့ငှာဉာဏ်ပေးဦးအံ့...။

**အဘိညေယျ-ပရိညေယျ**—ဒုက္ခသစ္စာသည် မှတ်အပ် ပိုင်းခြားအပ်သော ဒုက္ခ, မမှတ်အပ်-မပိုင်းခြားအပ်သော ဒုက္ခအားဖြင် ၂-ပါးပြား၏။ ထို ၂-ပါးတို့တွင် မှတ်အပ်-ပိုင်းခြားအပ်သော ဒုက္ခသည် အတိတ်ဒုက္ခ အနာဂတ်ဒုက္ခ ပစ္စုပ္ပါန်ဒုက္ခအားဖြင့် ၃-ပါးပြားပြန်၏၊ ထို ၃-ပါးတို့တွင်

ဖြစ်ပြီးသော ခန္ဓာသည့် အတိတ် ဒုက္ခမည်၏၊ ဖြစ်လတံ့သောခန္ဓာသည့် အနာဂါတ်ဒုက္ခမည်၏၊ ဖြစ်ဆဲသော ခန္ဓာသည် ပစ္စုပ္ပန် ဒုက္ခမည်၏။ ထို ၃-ပါး တို့တွင် အတိတ်ဒုက္ခသည် ဥပါဒါန်ရှိသော ခန္ဓာဖြစ်၏၊ ထို့ကြောင့် အတိတ်-ဒုက္ခကို မှတ်အပ်၊ ပိုင်းခြား အပ်၏၊ အနာဂါတ် ဒုက္ခနှင့် ပစ္စုပ္ပန် ဒုက္ခ ၂-ပါးသည်လည်း ဥပါဒါန်ရှိသော ခန္ဓာများပင် ဖြစ်ကြ၏။ ထို့ကြောင့် အနာဂါတ်ဒုက္ခကိုရင်း,ပစ္စုပ္ပါန်ဒုက္ခကိုရင်း မှတ်အပ်-ပိုင်းခြားအပ်၏။

**အနဘိညေယျ, အပရိညေယျ**— မမှတ်အပ်- မပိုင်းခြားအပ်သော ဒုက္ခသည်ကား (ဥပါဒ်- ဌီ-ဘင် ရှိသည်လည်းမဟုတ်၊ ဖြစ်သည်လည်းမဟုတ်၊ တည်သည်လည်းမဟုတ်၊ပျက်သည်လည်း မဟုတ်၊ဖြစ်ပြီးလည်းမဟုတ်၊ ဖြစ်လတံ့လည်း မဟုတ်၊ ဖြစ်ဆဲလည်း မဟုတ်၊) ကာလမှ အလွတ် အသစ်အသစ် ဖြစ်ခြင်း၌ထိုက်သော=(ဥပ္ပန္နာရဟာ) ဒုက္ခတည်း၊ ဤ ဥပ္ပန္နာရဟာ ဒုက္ခကို မမှတ်အပ်၊ မပိုင်းခြားအပ်။

အဘယ် ကြောင့် ဥပ္ပန္နာ ရဟာ ဒုက္ခကို မမှတ်အပ်၊ မပိုင်းခြားအပ်သနည်း-ဟုမေး၊ အဖြေကား-ဥပ္ပန္နာရဟာ ဒုက္ခသည် ဥပါဒါန်မရှိသော ခန္ဓာဖြစ်၏။ဖြစ်ခြင်း၌ ထိုက်ရုံမျှဖြစ်သော ထိုဥပ္ပန္နာရဟာဒုက္ခသည့် ကာလမှအလွတ်ဖြစ်ရိုးမရှိချေ။ ထို့ကြောင့် ဥပ္ပန္နာရဟာဒုက္ခကို မမှတ်အပ်-မပိုင်းခြားအပ်။

**အပဟာတဒုက္ခ—** သမုဒယသစ္စာသည် ပယ်အပ်သော သမုဒယ မပယ်အပ်သော သမုဒယအားဖြင့် ၂-ပါးပြား၏၊ ထို ၂-ပါးတို့တွင် **မပယ်အပ်**သော သမုဒယသည်ကား အတိတ်သမုဒယ အနာဂတ် သမုဒယ ပစ္စုပ္ပန်သမုဒယအား ဖြင့် ၃-ပါးပြားပြန်၏၊ ထို ၃-ပါးတို့တွင် ဖြစ်ပြီးသော သမုဒယသည် အတိတ်သမုဒယမည်၏၊ ဖြစ်လတံ့သော သမုဒယသည် အနာဂါတ်သမုဒယ မည်၏၊ ဖြစ်ဆဲသော သမုဒယသည် ပစ္စုပ္ပန်သမုဒယ သမုဒယမည်၏။ ထို ၃-ပါးတို့တွင် အတိတ်သမုဒယကို ဖြစ်ပြီးသောကြောင့် မပယ်အပ် အနာဂတ်သမုဒယကို ဖြစ်လတံ့ (မဖြစ်သေး) သော ကြောင့် မပယ်အပ်၊ ပစ္စုပ္ပန် သမုဒယကို ဖြစ် ဆဲသော ကြောင့် မပယ်အပ်၊ ထိုသမုဒယ ၃- မျိုးသည် မပျောက် မပျက် ဟု ဆိုလိုသည်။

**ပဟာတဒုက္ခ—** ပယ်အပ်သော သမုဒယ သည်ကား (ဥပါဒ် ဌီ၊ ဘင် ရှိသည်လည်း မဟုတ်၊ ဖြစ်သည် လည်း မဟုတ်၊ တည်သည်လည်း မဟုတ်၊ ပျက်သည့်လည်း မဟုတ် ဖြစ်ပြီးလည်းမဟုတ်၊ ဖြစ်လတံ့လည်း မဟုတ်၊ ဖြစ်ဆဲလည်း မဟုတ်၊) ကာလမှအလွတ် အသစ်အသစ်ဖြစ်ခြင်းငှါ ထိုက် သော=(ဥပ္ပန္နာရဟ) သမုဒယတည်း၊ ဤ ဥပ္ပန္နာရဟ သမုဒယကို ပယ်အပ်၏။

အဘယ်ကြောင့် ဥပ္ပန္နာရဟ သမုဒယကို ပယ်အပ် သနည်းဟု- မေး၊ အဖြေကား- ဖြစ်ခြင်းငှါ ထိုက် သော ထိုဥပ္ပန္နာရဟ သမုဒယသည် ကာလမှ အလွတ် မဖြစ်

ချေ၊ ထိုကြောင့် ဥပ္ပန္နာရဟာ သမုဒယကို ပယ်အပ်၏.... ဤ၌ "ပယ်" ဟူသည် ကာလမှ အထွတ်ပျောက်ခြင်းပင် တည်း။ ဖြစ်ခြင်း၌ မထိုက်(ဖြစ်ခွင့်မရ)သော ထိုဥပ္ပန္နာ ရဟာ သမုဒယ၏ မဖြစ်ဘဲ ချုပ်ခြင်းကို "ပယ်" ဟုခေါ်ရ သည်။

**သန္တိကာတဗ္ဗ**—ယင်းသို့ ဖြစ်ခြင်း၌ ထိုက်သော သမု ဒယ၏ မဖြစ်ဘဲ ချုပ်ခြင်းကြောင့် ဖြစ်ခြင်း၌ ထိုက်သော ဒုက္ခ၏ မဖြစ်ဘဲ ချုပ်ခြင်း (အနုပ္ပါဒနိရောဓ)သည် ကောန် ရှိ၏၊ ဤဒုက္ခ၏ မဖြစ်ဘဲ ချုပ်ခြင်းကိုမျက်မှောက်ပြုအပ်၏၊ အဘယ်ကြောင့်နည်း ?၊ မျက်မှောက် ရှိသော အားဖြင့် တွေ့သည်၏ အဖြစ်ကြောင့်တည်း။

**အသန္တိကာတဗ္ဗ**—ဖြစ်ခြင်း၌ ထိုက်သော သမုဒယကို မျက်မှောက် မပြုအပ်၊ အဘယ်ကြောင့်နည်း? မျက်မှောက် မရှိသော အားဖြင့် မတွေ့သည်၏ အဖြစ်ကြောင့်တည်း။

**ဘာဝေတဗ္ဗ**— ထိုဥပ္ပန္နာရဟာ ဒုက္ခ၏ မဖြစ်ဘဲ ချုပ် ခြင်း (ဒုက္ခအနုပ္ပါဒနိရောဓ)ကို အာရုံ ပြုသော အားဖြင့် **မဂ်** သည် ပွါး၏၊ အဘယ်ကြောင့်နည်း ?၊ မျက်မှောက်ပြု ကိစ္စအားဖြင့် ပြီးသည်၏ အဖြစ်ကြောင့်တည်း။

**အဘာဝေတဗ္ဗ**—အတိတ်ဒုက္ခ အနာဂါတ်ဒုက္ခ ပစ္စုပ္ပန် ဒုက္ခကို အာရုံပြုသော အားဖြင့် **မဂ်** သည့်မပွါးချေ။ အ ဘယ့်ကြောင့်နည်း ?၊ အပြင်အာရုံ (ဗဟိဒ္ဓါရမ္မဏ)၏အဖြစ် ကြောင့်, မျက်မှောက်ပြု ကိစ္စအားဖြင့်လည်း မပြီးသည်၏ အဖြစ်ကြောင့်တည်း။

# အဘိညေယျာဒိ ပဉ္စကတ္တ တပြိုင်နက်ရပုံ

အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ တရား ၅-ပါးအပေါင်းကို **မဂ်** ခဏ၌ ခဏ တပြိုင်နက် ကာလတပြိုင်နက် ပဋိဝေဒအားဖြင့် တကယ် ပင်ရအပ်၏၊ ဝိပဿနာ ခဏ၌လည်း ခဏ|တပြိုင်နက် ကာလတပြိုင်နက် တဒင်္ဂအားဖြင့်၊ထိုတရား ၅-ပါးအပေါင်း ကို ရအပ် သေးသည်သာ၊ထို စကားမှန်၏၊ ဝိပဿနာ ဖြင့် ဒုက္ခကို တဒင်္ဂအားဖြင့် ပိုင်းခြား အပ်သော်သာ, သို့ ပိုင်း ခြားရာ၌ အကုသိုလ် ကိုလည်း တဒင်္ဂအားဖြင့် ပယ်အပ် သော်သာ, သို့ ပယ်ရာ၌ **မဂ်** ဖြင့် ထို တရား ၅-ပါး အပေါင်းကို ထိုးထွင်းခြင်းသည် အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိ ကာတဗ္ဗ ဘာဝေ တဗ္ဗ လက္ခဏာပင် တည်း။ ထိုစကားမှန်၏- တရံတခါ ဝိပဿနာဖြင့် မပိုင်း ခြား အပ်သော ဒုက္ခကို, ဝိပဿနာဖြင့် မပယ်အပ်သော အကုသိုလ်ကို **မဂ်**ဖြင့် မထိုးထွင်းချေ၊ ထို့ကြောင့် ဝိပဿ နာဖြင့် ဒုက္ခကို တဒင်္ဂအားဖြင့် ပိုင်းခြားအပ်သော်သာ, သို့ ပိုင်းခြားရာ၌ အကုသိုလ်ကိုလည်း တဒင်္ဂအားဖြင့် ပယ် အပ်သော်သာ, သို့ ပယ်ရာ၌ **မဂ်** ဖြင့် တရား ၅-ပါး အ ပေါင်းကို ထိုးထွင်းခြင်းသည် အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ လက္ခဏာ ပင် တည်း။ [ပဋိဝေဒ= ထိုးထွင်းသော အားဖြင့် + တဒင်္ဂ= ဝိပဿနာဉာဏ် သိသောအားဖြင့်။]

အထက်ပါ စကားရပ်တို့ကို ထင်ရှားအောင်ပြုဦးအံ့– ကာလထွတ် ဖြစ်ခြင်းငှါထိုက်သော ဥပ္ပဇ္ဇနာရဟ သမုဒယ ဟူသည် **သာနုသယ** ပင်တည်း။ [သာနုသယ=သ+အနု+သယ။ ။အနု=အစဉ်တစိုက်+သယ=ကိန်းအောင်းသော ကိလေသာနှင့်+သ=တကွဖြစ်ခြင်း။ ။ရုပ်နာမ်အသစ်အသစ် ဖြစ်သော ခဏ ခဏ အစွမ်းရတိုင်း ကျရောက် ကိန်းဝပ်သော အနုသယကိလေသာနှင့်အတူတကွ ဖြစ်သော သမုဒယကို ဥပ္ပဇ္ဇနာရဟ သမုဒယဟု ခေါ်၏။]

ထိုဥပ္ပဇ္ဇနာရဟ သမုဒယသည် အသစ်ဖြစ်သည် ရှိသော် ပရိယုဋ္ဌာန် အလိုအားဖြင့် အဘယ်၌ ဖြစ်သနည်း၊ အနုသယ အလိုအားဖြင့် အဘယ်၌ ဖြစ်သနည်း–ဟု မေး၊ အဖြေကား– ဝိပဿနာဖြင့် မပိုင်းခြား အပ်သော အကြင်ဒုက္ခသည် ရှိ၏၊ ဤဝိပဿနာဖြင့် မပိုင်းခြားအပ်သော ဒုက္ခ၌ ကာလထွတ် ဖြစ်ခြင်းငှါ ထိုက်သော ဤ ဥပ္ပဇ္ဇနာရဟ သမုဒယသည် အသစ်ဖြစ်သည် ရှိသော် ပရိယုဋ္ဌာန် အလိုအားဖြင့်လည်း ဖြစ်၏၊ အနုသယ အလို အားဖြင့်လည်း ဖြစ်၏။

**ပရိယုဋ္ဌာန်အသစ်ထပုံ။** ။ထို အသစ် ပရိယုဋ္ဌာန် အသစ် အနုသယ ၂-ပါးတို့တွင် ပရိယုဋ္ဌာန်သည် အဘယ်ဖြင့် အသစ်ဖြစ်သည် ရှိသော် အဘယ် ထသော အားဖြင့် ဖြစ်သနည်း- ဟု မေး၊ အဖြေကား– ဝိပဿနာဖြင့် မပိုင်းခြားအပ်သော ဒုက္ခ (ရုပ်နာမ်)၌ အနုသယ ဟောင်း (ပေါရာဏာနုသယ)သည် အစဉ်တစိုက်လိုက်၏၊ ထိုအနုသယ

ဟောင်းဖြင့် ဤ ပရိယုဋ္ဌာန်သည် အာသင်ဖြစ်သည် ရှိသော် ဖြစ်၏၊ အနုသယဟောင်း ထသော အာလိုအားဖြင့် ဖြစ်၏။

**အနုသယ အသစ်ကိန်းပုံ။** ။အနုသယ အသစ်ဖြစ်သည်ရှိသော် အဘယ် ကိန်းသော အလို အားဖြင့် ဖြစ်သနည်း-ဟု မေး၊ အဖြေကား-ဝိပဿနာဖြင့် မပိုင်းခြားအပ်သော ဒုက္ခ (ရုပ်နာမ်)၌ အကြင် ပရိယုဋ္ဌာန် အသစ်ထ၏၊ ဤအနုသယအသစ် ဖြစ်သည်ရှိသော် ထိုအသစ် ထသော ပရိယုဋ္ဌာန် ကိန်းသော အလိုအားဖြင့် ဖြစ်၏။

[အသစ်ထသော ပရိယုဋ္ဌာန်ကား၊ ဥပါဒ်--ဋ္ဌီ-ဘင် ခဏတ္တယသို့ ရောက်သည်၊ အသစ်ကိန်းသော အနုသယကား ခဏမရှိဘဲ ရောက်ဆဲ ခန္ဓာ ၅-ပါးကို မှီသည်၊အနုသယ ဟောင်းကား အနုသယအသစ် မှီသောခဏတ္တယမှနောက် ခန္ဓာ ၅-ပါးခဏတ္တယသို့ရောက်တိုင်း အစဉ်တစိုက်လိုက်သည်၊ အချုပ်မှာ-"ပရိယုဋ္ဌာန်ဖြစ်က အနုသယ ကိန်း၏၊ ပရိယုဋ္ဌာန်မဖြစ်က အနုသယမကိန်း၊ အနုသယဟောင်းကား မဂ်ဖြင့် မပြတ်သေးသမျှ ကိန်းဝပ်ပါရှိ၏"-ဟု မှတ်။]

## အနုပ္ပန္န အကုသိုလ်, ဥပ္ပန္န အကုသိုလ်

ပရိယုဋ္ဌာန် မဖြစ်ခင် မဖြစ်မီ ကာလထွတ် ဖြစ်ခြင်း၌ ထိုက်သော ဥပ္ပန္နနာရဟ အနုသယကို အနုပ္ပန္န ~~ပယ်နှင့်~~ အကုသိုလ်ဟု ခေါ်၏၊ အနုသယ မကိန်းခင် မကိန်းမီ ထို ကာလထွတ် ဖြစ်ခြင်း၌ ထိုက်သော ဥပ္ပန္နနာရဟ အနုသယကိုပင် ဥပ္ပန္န (~~ဖြစ်ပြီးသော~~) အကုသိုလ်ဟုခေါ်၏။

[ ကာလလွတ် ဥပ္ပန္နနာရဟ အနုသယသည် ပရိယုဋ္ဌိတအနုသယ= (အသစ်ထသော အနုသယ) နှင့် အနုသယိတ အနုသယ= (အသစ် ကိန်းသော အနုသယ) ဟု ၂-မျိုးပြား၏၊ ထို ၂-ပါးတို့တွင် အသစ်ထ သော အနုသယကား အနုပ္ပန္န အကုသိုလ်တည်း၊ အသစ် ကိန်းသော အနုသယကား ဥပ္ပန္န အကုသိုလ်တည်း၊ ဤ အကုသိုလ် ၂-မျိုးလုံးကို "ထာမဂတာနုသယ"ဟု ခေါ်၏၊ (ထာမ=အစွမ်း=ဂတ=ရတိုင်း= အနု=အစဉ်တစိုက်=သယ=ကိန်းသော ကိလေသာ။) ရုပ်နာမ် အသစ် အသစ် ဖြစ်သော ခဏ ခဏ အစွမ်းရတိုင်း ကျလာကိန်းလာသော လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဤကိလေသာ ၆-ပါးကို "အနုသယ"ဟု ဟောတော်မူ၏။ ။ဤနေရာ၌ ဥပ္ပန္န ၂-မျိုးနှင့် အနုပ္ပန္န ၂-မျိုး စကားသုံးအရ ကာလယူပုံကို မှတ်သားထိုက်၏။ (၁) အဘိ ဓမ္မာတိက မာတိကာ၌ လာသော "ဥပ္ပန္နဓမ္မ"ပုဒ်၏ အရ "ဥပ္ပန္န" ကား ပစ္စုပ္ပန် (ဖြစ်ဆဲ) တည်း၊ (၂) သုတ်၌ လာသော "ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ" ပုဒ်အရ "ဥပ္ပန္န"ကား အတိတ် (ဖြစ်ပြီး) တည်း၊ (၃) အဘိဓမ္မာ တိက မာ တိကာ၌ လာသော "အနုပ္ပန္နာ ဓမ္မာ" ပုဒ်အရ "အနုပ္ပန္န" ကား အနာဂတ် (ဖြစ်သေး) တည်း၊ (၄) သုတ်၌လာသော "အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ"ပုဒ်အရ "အနုပ္ပန္န" ကား ကာလဝိမုတ် (ကာလလွတ်) တည်း၊ ဤကာလ ဝိမုတ် အနုပ္ပန္နကိလေသာ အနုသယ ပရိယုဋ္ဌာန် ၂-ပါးစုံကို ဥပ္ပန္နနာ ရဟ (ဖြစ်ခြင်းငှါထိုက်၍ ပယ်အပ်သော ကိလေသာ) ဟုမှတ်အပ်၏ ]

## ဥပ္ပန္နနာရဟ သမုဒယ ချုပ်ပုံ

အထက်ပါ စကားတို့ကို ထင်ရှားအောင် ပြုဦးအံ့– ထို ဥပ္ပန္နနာရဟ သမုဒယသည် ချုပ်သည် ရှိသော် တဒင်္ဂ အားဖြင့် အဘယ်၌ ချုပ်သနည်း၊ အနုပ္ပါဒ နိရောဓ အား

ဖြင့် အဘယ်၌ ချုပ်သနည်း–ဟု မေး၊ အဖြေကား–ဝိပဿနာဖြင့် ဒုက္ခ(ရုပ်နာမ်)ကို တဒင်္ဂ အားဖြင့် ကိလေသာနှင့် မရောနှောအောင် ပိုင်းခြားအပ်သည် ရှိသော် ဤသို့ ပိုင်းခြားရာ၌ ထိုဥပ္ပန္နာရဟ သမုဒယ ချုပ်သည်ရှိသော် တဒင်္ဂအားဖြင့်ချုပ်၏၊အနုပ္ပါဒ နိရောဓ(မဖြစ်ဘဲချုပ်ခြင်း) အားဖြင့် ချုပ်၏။

ထိုဥပ္ပန္နာရဟ သမုဒယ ချုပ်သည်ရှိသော် သမုဒ္ဒေ(အကြွင်းမဲ့) အားဖြင့် အဘယ်၌ ချုပ်သနည်း၊ အနုပ္ပါဒ နိရောဓအားဖြင့် အဘယ်၌ ချုပ်သနည်းဟု မေး၊ အဖြေကား–ဝိပဿနာဖြင့် ဒုက္ခကို တဒင်္ဂအားဖြင့် ကိလေသာနှင့် မရောနှောအောင် ပိုင်းခြား အပ်သည်ရှိသော်, ဤသို့ ပိုင်းခြားရာ၌ မဂ် ဖြစ်သည် ရှိသော်, ဤ မဂ် ဖြစ်ရာ၌ ထိုဥပ္ပန္နာ ရဟ သမုဒယ ချုပ်သည်ရှိသော် သမုစ္ဆေဒ အားဖြင့် ချုပ်၏၊ အနုပ္ပါဒ နိရောဓအားဖြင့် ချုပ်၏။

## ကာလလွတ် ဟေတု ဖလ ဘဝစက်

ထိုစကားမှန်၏၊ ကာလလွတ် ဖြစ်ခြင်း၌ ထိုက်သော အကြင် ဥပ္ပန္နာရဟ သမုဒယသည် အကြောင်း၏ အဖြစ်ဖြင့် ကြွင်းကျန်ရှိ၏၊ထိုအကြောင်း၏ အကျိုး၏ အဖြစ်ဖြင့် ကာလလွတ် ဖြစ်ခြင်း၌ထိုက်သော အကြင် ဒုက္ခသည်လည်း ကြွင်းကျန်ရှိ၏၊ ထိုအကျိုးဒုက္ခကား “ကာလလွတ် ဝဋ်”လည်း ဟုတ်၏၊ “ကာလလွတ် ဘဝစက်”လည်း ဟုတ်၏၊ ထို အကြောင်းသမုဒယကား ကာလလွတ် “ပေါနောဗ္ဘဝိက”

ပင်တည်း။ [ပုန= တဖန်+ဘဝ=အဖြစ်+ ဣက=ရှိသော] အကျိုးဘဝ တဖန်ရှိသော အကြောင်း သမုဒယ ကိုရင်း။ ထိုအကြောင်း သမုဒယ ရှိသော သတ္တဝါကိုရင်း "ပေါ နောဗ္ဘဝိက" ဟု ခေါ်၏။]

**ဟေတုနိရောဓါ ဖလနိရောဓေါ**— မဂ်ဖြစ်ရာ၌ အကြွင် အကြောင်း ချုပ်၏၊ ထိုအကြောင်း ချုပ်ခြင်းကြောင့် ထို အကြောင်း၏ အကျိုးလည်း အကြောင်း ချုပ်ရာ၌ပင် ချုပ်၏၊ "အကြောင်း မဖြစ်ဘဲ ချုပ်ခြင်းကြောင့် အကျိုး လည်း မဖြစ်ဘဲ ချုပ်၏"-ဟု ယူ။

## မဂ်ဖြင့် သစ္စာ ၄-ပါးကို ထိုးထွင်းပုံ

ထိုအကျိုးချုပ်ခြင်း (ဖလနိရောဓ) ဟူသည်ပင် **ဒုက္ခ နိရောဓ** ပင်တည်း၊ ယင်း ဒုက္ခရောဓကို အာရုံပြု၍ **မဂ်ဖြစ်လတ်သော်** အတိတ် အနာဂါတ် ပစ္စုပ္ပန် ဒုက္ခ ၃-တန် ကိုလည်း ကာလ ၃-ပါးလုံး အမှတ်ပြု သဖြင့် သိ၍ ပိုင်း ခြား၏၊ .... ကာကလွတ် ဖြစ်ခြင်း၌ ထိုက်သော= (ဥပ္ပန္နာရဟ) သမုဒယ ကိုလည်းကာလမှ လွတ်လျက် ဖြစ်ခြင်း၌ မထိုက်အောင် (ဖြစ်ခွင့်မရအောင်) အမှတ်ပြု သဖြင့် သိ၍ **ပယ်**၏၊ .... ကာလလွတ် ဖြစ်ခြင်း၌ ထိုက် သော=(ဥပ္ပန္နာရဟ) ဒုက္ခကိုလည်း ကာလမှ လွတ်လျက် ဖြစ်ခြင်း၌ မထိုက်အောင် (ဖြစ်ခွင့် မရအောင်) အမှတ်ပြု သဖြင့် သိ၍ မျက်မှောက်ပြု၏၊ .... အင်္ဂါ ၈-ပါး ရှိသော **မဂ်**၏ သမထနှင့် ဝိပဿနာ ကိုလည်း "ယုဂနဒ္ဓ=စုံ

အောင်" **အမှတ်ပြုသဖြင့်** သိ၍ **ပွါး**၏။....သိလိုရင်းကား-**မဂ်** သည် ဝိပဿနာ၏ အမှတ်ပြုသဖြင့် သိခြင်းကြောင့် ခဏတပြိုင်နက် ကာလတချက်ထည်း ဒုက္ခ သစ္စာကိုလည်း ပိုင်းခြား၏၊ သမုဒယသစ္စာ ကိုလည်း ပယ်၏၊ နိရောဓသစ္စာ ကိုလည်း မျက်မှောက်ပြု၏ မဂ္ဂသစ္စာ ကိုလည်း ပွါး၏-ဟု သိလိုရင်းတည်း။

[အဘိညာယ ပရိဇာနာတိ၊ အဘိညာယ ပဇဟတိ၊ အဘိညာယ သစ္ဆိကရောတိ၊ အဘိညာယ ဘာဝေတိ-တို့၌ "အဘိညာယ"ကား ပုဗ္ဗကာလ ကြိယာမဟုတ်, ဟိတ်ပုဒ်တည်း၊ ဟိတ်အနက်၌ သက်သော တွာပစ္စည်းဖြင့် ပြီးသော "အဘိညာယ" ပုဒ်၏ "အမှတ်ပြုသဖြင့် သိခြင်းကြောင့်" ဟူသော အနက်ရကို သတိပြုပါ၊ ဤ မဂ် ကိစ္စ အရာ၌ သိမှတ် စရာတွေ များလှ၏၊ ဝိသုဒ္ဓိမဂ်၌ ရှုပါလေတော့၊ ထို့ပြင်-"ဘူတံ ဘူတတော ပဿတိ ကထာ" အရ ပါဠိ သာကေကို လိုလျှင် "ဓပဋ္ဌကော ပဒေသ အဋ္ဌကထာ"၌ ရှုပါလေဦး။]

အင်္ဂါ ၈-ပါး မဂ်တရားကို သမထ-ဝိပဿနာ အစုံပါ အောင် ပွါးရာ ခဏ မဂ်ကာလ၌ သစ္စာ ၄-ချက် ၁၆-နက်ကို တပြိုင်နက် ထိုးထွင်းသော အရိယဓာတ် သဘော ကမြတ်သည်ကား ဝိသုဒ်နတ်စစ် မွေရာဇ်၏ ရင်နှစ်ပေါက် ဖွါး သားတော်အစစ် သွေးတော် အစစ် အဖြစ်သို့ရောက် ဝင့်မြစ်ခြောက်သဖြင့် ဖြပ္ပစရိယ မယွင်း "မဂ်သီတင်း" ကို ကျင့်သုံးလေတော့သည်။

ဤသို့လျှင် "ဘူတံ ဘူတတော ပဿတိ" အရ တို့ကို အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာ

ဝေဘင်္ဂ ပုဒ်ဘို့ဖြင့် သစ္စာ ၄-ပါး၏ အနက်ကိုပြရာ ဤဌာန ၌ သာဓကသည် “မှတ်အပ်-မမှတ်အပ်, ပိုင်းခြားအပ်-မပိုင်းခြားအပ်, ပယ်အပ်-မပယ်အပ်, မျက်မှောက်ပြုအပ်-မျက်မှောက် မပြုအပ်, ပွါးအပ်-မပွါးအပ်” သစ္စာ ၄-ရပ်တို့ကို သုတ ဉာဏ်ဖြင့် ရှာကြံခြင်း အကျိုးငှါ လိမ်မာရာ သတည်း။

——:၈:——

## အာသီသ ပတ္ထနာ ယံ….

၁-ရာဂ ဒေါသ မောဟ ဘယာ, ဝေရ ရောဂ ဒုက္ခ ဒုဏ္ဍာ၊
ဥပဒ္ဒဝါ ခိယန္တု **မေ**, ကာလပက္ခေဝ စန္ဒိမာ။

၂-ဣဋ္ဌာလာဘာယသာတေဇာ,အာယုဒီဃာကိတ္တိသီရိ၊
သုခါ ဓိတိ ဝဍ္ဎန္တု **တေ**, သုက္ကပက္ခေဝ စန္ဒိမာ။

အယံ-အပြီး အဆုံး, နိဂုံးအနေ, လှစ်ဖွေ မှာကြား, ဤ စကားချပ် သည်ကား၊ အာသီသပတ္ထနာ-ကျမ်းစာ ရေးရ, ကုသလအတွက်, တောင့်တပန်ထွာ, အာသီသ ပတ္ထနာပါ တည်း….

၁။ ကာလပက္ခ- လဆုတ် ပက္ခ၌၊ စန္ဒိမာ-လ သည်၊ ခိယတိဣဝ၊ တနေ့တခြား, မပွါးရောင်ဟုန်, ကုန်ခန်းသကဲ့ သို့၊ တထာ၊ ထိုအတူ၊ ရာဂ ဒေါသ မောဟ ဘယာ-တပ် မက်ခြင်း, အမျက်ထွက်ခြင်း, တွေဝေခြင်း, ကြောက်လန့် ခြင်းတို့သည့်၊ဝေရ ရောဂ ဒုက္ခ ဒုဏ္ဍာ-ပုဂ္ဂလရန်- ပါပချန်,

ချက်စီ စသော ရောဂါ,ကိုယ်စိတ်ဆင်းရဲခြင်း, ဒဏ် ခတယ်ပါး တို့သည်။ ဥပဒ္ဒဝါ-ဥပဒ္ဒဝေါတို့သည်၊ **မေ-ငါ့အား၊** ဒိယန္တု၊ ကျန်ခန်းပါစေ ကျန်သတည်း။

၂။ သုဏ္ဏပဏ္ဏေ၊ လဆန်း ပက္ခ၌၊ **စန္ဒိမာ- လ** သည်၊ ဝဏ္ဏတိက္ကဝ၊ တနေ့ တခြား, ရောင်ဟုန်ပွါးလျက်, တိုးကာ တက်သကဲ့သို့၊ တထာ၊ ထိုအတူ။ ဗုဒ္ဓ ၁၊ ကောင်းသော အလိုတို့သည်။ လာဘာ၊ သဒ္ဓါစသော ရအပ်သော လာဘ် တို့သည်။ ယသာ၊ အခြံ အရံ တို့သည်။ တေဇာ၊ တန်ခိုးတို့ သည်။ အာယုဒီဃာ၊ အသက် ရှည်ခြင်းတို့သည်။ ကိတ္တိ၊ ကျော်စောခြင်း တို့သည်။ သိရိ၊ အသရေ တို့သည်။ သုခါ၊ ချမ်းသာခြင်းတို့သည်။ ဓိတိ၊ တည်ကြည်ခြင်း။ သမာဓိ၊ အား ထုတ်ခြင်း လုံ့လတို့သည်။ **တေ-သင့်အား၊** ဝဍ္ဎန္တု၊ တိုး ပွါးပါစေ ကျန်သတည်း။

## မဇ္ဈိမ ပဏ္ဏာ ပဒ ဂါ ကျမ်း ပြီး ပြီ။

# ထိန်လင်း

★

## စာပုံနှိပ်လုပ်ငန်းတွင်

## စာအုပ်–စာတန်းများနှင့်

## မင်္ဂလာဘိတ်စာ၊

ဖြတ်ပိုင်း၊ ဘောက်ချာ အမျိုးမျိုးများနှင့်

ကြော်ငြာ စာ များ ကို

မင်ကျ–မင်န–ကောင်းမွန်စွာဖြင့်၊

## ရက်ချိန်းမှန် တိကျ မှန်ကန်အောင်

ပြုလုပ် ပေးနေ ပါပြီ။

**ထိန်လင်း–စာပုံနှိပ်လုပ်ငန်း။**

လှည်းတန်း လမ်းသစ်၊ ကမာရွတ်-ရန်ကုန်၊

# — သတိ —

## ဝမ်းမြောက်ဘွယ်

စာအုပ်ထုတ်ဝေရောင်းချသူနှင့် ဖြန့်ချိသူ၊ ရှေးဟောင်းစာအုပ်ရှာဖွေသူ ... 

**သေသပ်မှုနှင့်—ခန့်ညား ခိုင်ခန့် မှုကို**

## အလိုရှိ သူတိုင်း

**လာရောက်ဆက်သွယ်စေလိုပါသည်။**

# ကိုမြမောင်—မအုန်းမြင့်

## စာအုပ်ချုပ် လုပ်ငန်း ဌာန။

**အမှတ် ၃၇–ဌာနာလမ်း၊**

294.364/4-15
A1MMGB004327

န်ကုန်မြို့၊ ဗဟိုရ်စည်ရိပ်သာ၊ အမှတ်(၁၀)ဈေးလမ်း

ဘ၊ -သွီး မ သောင်းမြင့်- ဖြွေး မောင်လှိုင်ကြွယ်တို့

ကောင်းမှု = နိဗ္ဗာန်ဆု